# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၂၃၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် — ၂၀၁၃ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္ဂနွေနေ့။


**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**ထစ်ချုန်းမိုး**

၂၆-၅-၂၀၁၃

နေပြည်တော် နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

# သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ – ဂျပန် နှစ်ဦးနှစ်ဖက်အတွက် အလားအလာကောင်းမွန်

နေပြည်တော် မေ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်ဇနီး မစ္စစ် အာကီအာဘေးတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရေဝေးရှိ ဂျပန်သုသာန်သို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က အဆိုပါ သုသာန်၌ မြှုပ်နှံထားသည့် ဂျပန်လူမျိုးများအား ဂုဏ်ပြုသည့်အနေဖြင့် လွမ်းသူ့ပန်းခွေချသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသော အဖွဲ့ဝင်များက အမွှေးတိုင်များထွန်းညှိပြီး ဂါရဝပြုကြသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျပန်သုသာန်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာရှိ လက်ယက်စမ်းအခြေခံပညာမူလတန်းလွန်ကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး

စာမျက်နှာ ၈ ကော်လံ ၁ ○



ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အဖွဲ့ သီလဝါဆိပ်ကမ်းအတွင်း ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ထားရှိမှုနှင့် ကုန်တင်/ကုန်ချ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

# ဖွံ့ဖြိုးပွင့်လန်းစေမည့် ရောဝတီ-ကျောက်ဖရား-မဲခေါင်လမ်း

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

နေပြည်တော် မေ ၂၅

**မြန်မာ့အလှက ရောဝတီ၊ ထိုင်းအလှက ကျောက်ဖရား၊ လာအိုနှင့် ဗီယက်နမ်တို့အတွက် သဘာဝလက်ဆောင်က မဲခေါင်မြစ်။**

ရောဝတီ၊ ကျောက်ဖရားနှင့် မဲခေါင်မြစ်တို့ကို ဖြတ်သန်းဖောက်လုပ်ထားသည်က ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ကို ဆက်သွယ်သွားလာနိုင်သည့် ရောဝတီ-ကျောက်ဖရား-မဲခေါင်လမ်းပင်ဖြစ်သည်။

နိုင်ငံ့ဖြတ်မြစ်များက သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေသည်။ သဘာဝတောတောင်ရေမြေကိုလည်းလှပစေသည်။ စိုက်ပျိုးရေးကို ဖွံ့ဖြိုးစေသည့်အပြင် ကုန်သွယ်မှုကိုလည်း အထောက်အကူပြုလေသည်။ ယင်းမြစ်များကို ဖြတ်သန်းကာ တံတားဆောက်၊ လမ်းဖောက်ကာ မော်တော်ကားလမ်းများ ကွန်ရက်သဖွယ် ချိတ်ဆက်နိုင်မှုကြောင့် နိုင်ငံများ စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန် အထောက်အကူပြုစေမည်မှာ အမှန်ပင်။

ရောဝတီ-ကျောက်ဖရား-မဲခေါင်လမ်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်ကမက်)စီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ အက်ကမက်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ငါးနိုင်ငံရှိရာ ယင်းတို့မှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။

ရောဝတီ-ကျောက်ဖရား-မဲခေါင်လမ်းဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော လုပ်ငန်းများမှာ လာအို-မြန်မာ နှစ်နိုင်ငံ စီမံကိန်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ စီမံကိန်းနှင့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းတို့ဖြစ်သည်။

၎င်းလမ်း ဖြစ်ပေါ်လာစေရန် လာအို-မြန်မာ နှစ်နိုင်ငံစီမံကိန်းတွင် နှစ်နိုင်ငံ ဆက်သွယ်သွားလာနိုင်ရန်အတွက် မဲခေါင်မြစ်ကို ဖြတ်ကာ လာအို-မြန်မာချစ်ကြည်ရေးတံတားကို တည်ဆောက်နေပြီဖြစ်သည်။ ယင်းတံတားကို မြန်မာနိုင်ငံဘက်ရှိ

စာမျက်နှာ ၃ ကော်လံ ၁ ●



ရောဝတီ-ကျောက်ဖရား-မဲခေါင်လမ်းအစိတ်အပိုင်းအဖြစ် ထားဝယ်ရေနက်ဆိပ်ကမ်း လမ်းအစိတ်အပိုင်းတစ်နေရာကို ဤသို့တွေ့ရသည်။

**ရောဝတီ-ကျောက်ဖရား-မဲခေါင်လမ်းသည် မြန်မာနိုင်ငံသာမက ဒေသတွင်းနိုင်ငံများအား ကုန်သွယ်မှုနှင့် ခရီးသွားလာနိုင်မှုများကို အထောက်အကူပြုကာ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ ဝေဖြာစေမည့်လမ်းအဖြစ် ပေါ်ထွက်လာမည်ဖြစ်။**


**ယနေ့ မာတိကာ**

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံပေး — ခေါင်းကြီး — စာ - ၂

လွတ်လပ်သော ကုန်သွယ်မှု တရုတ်နှင့် ဆွစ်ဇာလန် နှစ်နိုင်ငံ တည်ထောင် — စာ - ၄

ရှောင်ရှားသင့်သော အစားအစာလေးမျိုး — စာ - ၅

အမြန်ဖွင့်ရမည့် ပြတင်းတစ်ပေါက် — ဆောင်းပါး — စာ - ၆

ရန်ကုန်အိုင်စီတီပြပွဲ စည်ကားစွာ ကျင်းပ — စာ - ၁၂

မန်ယူတိုက်စစ်မှူး ရွှန်းနေ အသင်း၌ ဆက်ရှိနိုင် — စာ - ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံပေး

မကြာသောကာလတွင် ကျောင်းများပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ယခုအခါ ပညာရေးဝန်ကြီးဌာနကလည်း ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၇ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘများသည် ကြိုတင်ပြင်ဆင်နေကြရတော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပညာတတ်အမြောက်အမြား ပေါ်ထွက်ရေးအတွက် ပညာရေးအသုံးစရိတ် ဘတ်ဂျက်များကို တိုးမြှင့်သတ်မှတ်ပေးထားသည်။ အခြေခံပညာကဏ္ဍ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးခဲ့သည်။ ကျောင်းသားမိဘများသည် မိမိတို့၏ရင်သွေးငယ်များကို သက်ဆိုင်ရာ ကျောင်းအသီးသီးသို့ သွားရောက်အပ်နှံကြရမည် ဖြစ်သည်။ နိုင်ငံတော်က အခြေခံပညာကဏ္ဍ၌ နိုင်ငံသားတိုင်းအခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပညာရွှေအိုးလူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့် စသည်ဖြင့် ပညာကို ရှေ့တန်းတင်ခဲ့ကြပေသည်။ ယနေ့အချိန်သည် ပညာခေတ်ဖြစ်သည့်အလျောက် ပညာခေတ်တွင် ပညာသည်သာ အဓိက၊ ပညာသည်သာ ခွန်အား၊ ပညာသည်သာ စီးပွားဖြစ်သည်ကို တွေ့ကြရမည်ဖြစ်သည်။ နိုင်ငံ၏ဖွံ့ဖြိုးမှုစွမ်းအားသည် ပညာပေါ်မှာသာအခြေပြုသည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ရာ အရည်အချင်းပြည့်ဝသည့် လူသားမျိုးဆက်များကို တစ်ဆက်ပြီးတစ်ဆက် ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

မိဘများသည် မိမိတို့၏ ရင်သွေးငယ်များ ထူးချွန်ထက်မြက်၊ လိမ္မာယဉ်ကျေးသော သားသမီးအဖြစ် ပေါ်ထွန်းလာစေရန် ကျောင်းနေအရွယ်ကလေးများကို ဆရာများထံ အပ်နှံကြကာ ပညာရပ်အသီးသီးကို သင်ကြားစေရမည်ဖြစ်သည်။ ဆရာ၊ ဆရာမများအပိုင်းကလည်း လူငယ် လူရွယ်ကလေးများကို ပညာသင်ကြားပေးသည်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာများကို မြှင့်တင်ပေးကြရမည် ဖြစ်သည်။ စည်းကမ်းပိုင်းဆိုင်ရာများကို သင်ကြား၊ ပြသပေးပြီး နိုင်ငံချစ်စိတ်ရှိရန်၊ လူသားစွမ်းရည်ပြည့်ဝသည့် လူမျိုးဖြစ်စေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်၍ လိုရာပုံသွင်းပေးကြရမည်ဖြစ်သည်။

ထို့ကြောင့် ကျောင်းအပ်နှံရေးကာလတွင် မိဘများသည် မိမိတို့၏ရင်သွေးငယ်များကို အချိန်မီ ကျောင်းအပ်နှံကြပြီး အနာဂတ်တွင်တောက်ပလာမည့် ကြယ်ပွင့်လေးများ အရည်အချင်းပြည့်ဝရေးအတွက် မိဘ၊ ဆရာ ဆရာမများက ဝိုင်းဝန်းတည်ဆောက် ပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

---

**ပြည်တွင်းသတင်း**

## သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်

**နေပြည်တော် မေ ၂၅**

ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာအောင် ဆောင်ရွက်ကြရာတွင် သစ်တောများ၏ အခန်းကဏ္ဍကို အထူးအလေးပေးပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှင့်မှု လျှော့ချခြင်း (REDD+)သည် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း၊ REDD+ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က မေ ၂၃ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ တိုင်ပူရီဟိုတယ်၌ ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောပညာ လေ့ကျင့်ပညာပေးရေးဗဟိုဌာန (RECOFTC) တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ REDD+ စီမံကိန်းအတွက် အခြေခံစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံချက်ရေးဆွဲခြင်း ကနဦးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

၎င်းစီမံကိန်းမှ REDD+ လုပ်ငန်းစဉ်များသာမက စဉ်ဆက်မပြတ် သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အထောက်အကူပြုမည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နေခြင်းကြောင့် REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အချိန်အခါကောင်းဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် လုပ်ငန်းစဉ်များကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ရန်အတွက် လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို တိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသွားသည်။

**ဆွေးနွေး**

ထို့နောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောပညာ လေ့ကျင့်ပညာပေးရေး ဗဟိုဌာန (RECOFTC) မှ Program Coordination, Monitoring & Evaluation မန်နေဂျာ Mr. James Bampton က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော REDD+ လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်ခြင်း၊ REDD+ ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းများ၊ REDD+ နှင့် ဆက်စပ်နေသော သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် လက်တွေ့ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုအစီအစဉ်များကို တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အာရှပစိဖိတ် ဒေသဆိုင်ရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောပညာ လေ့ကျင့်ပညာပေးရေး ဗဟိုဌာနသည် နော်ဝေနိုင်ငံ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ REDD+ စီမံကိန်းမှတစ်ဆင့် အခြေခံစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ စီမံကိန်းကာလ သုံးနှစ်သတ်မှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ကတ္တရာပျောက် ပျက်စီးနေသော ကျောက်ကြမ်းလမ်းကို ပြန်လည် ပြုပြင်ပေးစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော်ထားဝယ်မြို့သည် တိုက်တာအဆောက်အအုံကောင်းတို့ဖြင့် ခေတ်နှင့်အညီ စည်ပင်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထားဝယ်မြို့ ကရပ်ပြင်ရပ်ကွက် ပေ ၅၀ လမ်းအနီး၌ တည်ရှိသော မြို့ကျက်သရေဆောင် ရှင်ပင်ခရုဘုရားသည် ထင်ရှားသော ရှေးဟောင်းသမိုင်းဝင် ထားဝယ် ရှင်ကိုးရှင်ဘုရားများအနက် တစ်ဆူပါဝင်သဖြင့် ဘုရားဖူးပြည်သူများဖြင့် စည်ကားသည်။ ထိုဘုရားသို့ ကရပ်ပြင်လမ်းဆုံ ရတနာမာန်အောင်လမ်းမှ တစ်ဆင့် ပေ ၅၀ လမ်းအတိုင်း တောင်ဘက်မုခ်ဝမှ ဘုရားဖူးပြည်သူများဝင်ရောက်ဖူးမြော်ကြရာတွင် အဆိုပါ ပေ ၅၀ လမ်းသည် ကတ္တရာလမ်းပျောက်၍ မြေဖို့ကျောက်ကြမ်းလမ်းဖြစ်ပြီး ယာဉ်သွားလာသောအခါ ဖုန်တထောင်းထောင်းထလျက် ချိုင့်ခွက်များဖြစ်ပေါ်ကာ အလွန်ဆိုးရွားစွာ ပျက်စီးနေသည်ကို တွေ့ရသည်။

“ဒီလမ်းက ယာဉ်ကြီး ယာဉ်ငယ်၊ သုံးဘီး၊ ဆိုင်ကယ်၊ အခြားယာဉ်မျိုးစုံနဲ့ ဘုရားဖူးပြည်သူတွေ၊ သရက်ချောင်းယာဉ်လိုင်းတွေ အဓိက သွားလာနေတာပါ။ အရင်က ကတ္တရာလမ်းချော ဖြစ်ပြီး အခုတော့ ချိုင့်ခွက်တွေနဲ့ မြေဖို့ကျောက်ကြမ်းလမ်းဖြစ်နေပြီး အလွန်ဆိုးရွားတဲ့ လမ်းဖြစ်နေပါတယ်။ နွေရာသီဖြစ်တော့ ယာဉ်သွားလာတဲ့အခါ ဖုန်တထောင်းထောင်းနဲ့ပေါ့။

ကျွန်တော်တို့ ရပ်ကွက်ပြည်သူတွေဟာ နေအိမ်တွေညစ်ထေးပြီး မကောင်းတဲ့လေတွေကို ရှူရှိုက်နေထိုင်ခဲ့ရတယ်။ ဒါကြောင့် လမ်းကို



အမြဲရေလောင်းပေးနေရတယ်။ မိုးတွင်းဆိုဗွက်ထပြီး သွားလာရတာ အလွန်ခက်ခဲပါတယ်” ဟု ယင်းလမ်းတွင် နေထိုင်သူတစ်ဦးက ရင်ဖွင့်ပြောပြသည်။

“ဒီလမ်းက ကျွန်တော်တို့ ခရီးသွားပြည်သူအများအပြား သွားလာနေသလို မြို့တွင်းကျပြီး မြို့ပေါ်လမ်းတစ်လမ်းလည်းဖြစ်သလို မြို့တော်အင်္ဂါရပ်နဲ့အညီ လမ်းချောလမ်းကောင်းဖြစ်အောင် ပြန်လည်ပြုပြင်ပေးစေလိုပါတယ်” ဟု ခရီးသွားပြည်သူတစ်ဦးက ဆန္ဒဖော်ပြောကြားပါကြောင်းထင်သာမြင်သာ ရေးသားလိုက်ရပါသည်။

**သန်းဌေး (ဒလ)**



---

## ကန်ဒေါ်လာငွေကြေး မြင့်တက်လာ ကောင်တာများထက် ပြင်ပဈေးကွက်အလုပ်ဖြစ်နေ

**ရန်ကုန် မေ ၂၅**

နိုင်ငံခြားငွေလဲလှယ်သည့် ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာလဲလှယ်ဈေးနှုန်းများ မြင့်တက်လာသည့်အတွက်ပြည်တွင်းတရားဝင် ငွေလဲကောင်တာများထက် ပြင်ပဈေးကွက်ရောင်းဝယ်သူများနှင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း ငွေလဲလှယ်သူများထံမှသိရသည်။

“ဈေးက ဧပြီလကုန်ကနေစပြီး တက်လာလိုက်တာ။ အခုချိန်မှာ ၉၅၀ ထက် ကျော်နေပြီ။ အချို့ကလည်း တစ်ဒေါ်လာကို ကျပ် ၁၀၀၀ နှုန်းအထိ ဖြစ်နိုင်တယ်လို့ ခန့်မှန်းကြသလို ဒေါ်လာစား ဝန်ထမ်းမိသားစုတွေကတော့ ဒေါ်လာ ၁၀၀ ကို ကျပ်တစ်သောင်းကျော်ပိုရတဲ့အတွက် သဘောကျကြပါတယ်။ အရင်က ဈေးကလည်း ၈၅၀ ဝန်းကျင်ဆိုတော့ အရောင်း/အဝယ်ကို တရားဝင်ပုဂ္ဂလိက ကောင်တာတွေမှာ အရောင်းအဝယ်ပိုဖြစ်တယ်။ အခုတော့ ကောင်တာမှာရောင်းရင် ဈေးက တစ်ဒေါ်လာကို တစ်ဆယ်ကျပ်ကျော်ကွာလို့ အပြင်မှာရောင်းကြတယ်။ အပြင်ဈေးကွက်ပေါက်ဈေးက အရောင်းအဝယ်ကြားမှာ ၂ ကျပ်ကနေ ၅ ကျပ်အထိပဲရှိတော့ တရားဝင်ကောင်တာမှာ အရောင်းအဝယ်လုပ်သူ နည်းပါတယ်”ဟု သိမ်ဖြူငွေလဲကောင်တာမှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးက သုံးသပ်သည်။

နိုင်ငံတကာဆက်ဆံရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးများအတွက် စိတ်ဝင်စားလာချိန်တွင် ဒေါ်လာဈေးမြင့်တက်နေခြင်းကြောင့် ပြည်တွင်း ကျပ်ငွေတန်ဖိုးများ ကျဆင်းနေရခြင်းသည် ပို့ကုန်သွင်းကုန်ကဏ္ဍ အောင်မြင်မှု အခြေအနေများကိုပါ ထိခိုက်လာစေနိုင်ကြောင်း ကျောက်မျက်လုပ်ငန်းရှင် ဒေါ်အိချောဖြူက ပြောကြားသည်။

အမေရိကန်ဒေါ်လာဈေးနှင့်အတူ အခြားယူရိုငွေကြေးနှင့် အာဆီယံဒေသတွင်းကုန်သွယ်မှု ငွေကြေးဈေးနှုန်းများပါ အနည်းငယ်တက်လာခဲ့သည်။ ထို့အပြင် ကောင်တာများ၌ လိုအပ်သရွေ့ဝယ်ယူခွင့် မရရှိသေးခြင်းသည်လည်း ပြင်ပဈေးကွက်ကို အားပေးရာရောက်ကြောင်း ငွေလဲကောင်တာတစ်ခုထံမှ သိရသည်။

နိုင်ငံခြားငွေ လဲလှယ်နှုန်းများ၏ ဈေးနှုန်းအတက်အကျများကို ဗဟိုဘဏ်က တိုက်ရိုက်ထိန်းညှိပေးရန်ရှိပြီး လက်ရှိတွင် အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း၊ ဈေးနှုန်းများ အတက်အကျ ထိန်းညှိခြင်းအပြင် စီးပွားရေးသမားများ၏ ဈေးကစားမှုများမှကင်းဝေးရန် တာဝန်ယူဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိမ်ဖြူငွေလဲကောင်တာမှသိရသည်။ **ခင်ရတနာ**


# ယနေ့မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း

(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြု၍)

အမှတ်စဉ် (၁၈) (၁၉) (၂၀) ပိုမှန်တန်းခွဲသစ်များကို ဇွန် လ ၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

➢ အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့)သင်တန်းကိုအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ များတွင်လည်း ဖွင့်လှစ်လျက်ရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။

မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။

**Engine Doctor Engineering**

No. 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97


---

## ဗုဒ္ဓနေ့အခမ်းအနား မောင်တော၌ ကျင်းပ

**မောင်တော မေ ၂၅**

မောင်တောမြို့ မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီတော်ကြီး ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူပွဲ၊ ရေစက်ချမင်္ဂလာနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့ နံနက် ၆ နာရီက မြို့ဦးရွှေစည်းခုံဘုရား၌ ကျင်းပရာ အလိုတော်ပြည့်ဆရာတော် ဦးမဏိသာရနှင့် ဆရာတော်အရှင်သူမြတ်တို့က ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြပြီး ကဆုန်ညောင်ရေသွန်းပွဲတော်အား ဆက်လက်ကျင်းပရာ မြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူများ၊ ဝတ်ရွတ်အဖွဲ့များနှင့် တက်ရောက်လာသူများက မဟာဗောဓိပင်တွင် အမွှေးနံ့သာများဖြင့် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

ပြည်တွင်းသတင်း

# ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး မြန်မာ-ဂျပန်စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် မေ ၂၅**

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-ဂျပန်စီးပွားရေး ဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင်- ယခု အလည်အပတ်ခရီးစဉ်သည် ဂျပန်နိုင်ငံ၏ ပုဂ္ဂလိက ကဏ္ဍနှင့် ပြည်သူနှစ်ရပ်စလုံးနှင့် ပတ်သက်ပြီး ထိတွေ့ဆက်ဆံမှု အဆင်ပြေချောမွေ့စေရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားတည်ဆောက်ရေး လုပ်ငန်းတွင် ထောက်ပံ့ကူညီပေးရသည့်အတွက် မိမိတို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ မိမိတို့အနေနှင့် သောက်သုံးရေရရှိမှု ကူညီထောက်ပံ့ပေးရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ လူမှုရေးဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စိတ်ဝင်စားမှုရှိပါကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့် ဖြစ်နိုင်ခြေရှိသည့် အကူအညီများအားလုံးကို ထောက်ပံ့ကူညီပေးရန် အသင့်ရှိနေကြပါကြောင်း၊ မိမိနှင့် သမ္မတ ဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးသည့်အခါ အနာဂတ်ကာလမှာ ပုဂ္ဂလိကနှင့် ပြည်သူများကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရာမှာ ဖြစ်နိုင်ဖွယ်ရာ အကူအညီများအားလုံးကို ထောက်ပံ့ပေးသွားရန် မိမိတို့ အသင့်ရှိနေသည်ကို အလေးအနက်ထား ပြောကြားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်ဦး တွေ့ဆုံဆွေးနွေးမှုမှာ နှစ်နိုင်ငံအကြား သမားရိုးကျမဟုတ်သော ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

## လက်ဆောင်ပေးအပ်

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးအား လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားသည်။



ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ ချက်ထရီယံဟိုတယ်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ-ဂျပန် စီးပွားရေးဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ခေတ္တတည်းခိုသည့် ချက်ထရီယံဟိုတယ်၌ တွေ့ဆုံသည်။ **(သတင်းစဉ်)**

# ပုဂ္ဂလိက အာမခံကုမ္ပဏီငါးခုအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေး

**ရန်ကုန် မေ ၂၅**

ပုဂ္ဂလိက အာမခံကုမ္ပဏီငါးခုအား အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် စုဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက မြန်မာ့အာမခံဈေးကွက်သည် အာမခံကုမ္ပဏီတစ်ခုတည်းသာရှိသော ဈေးကွက် unipolar မှ multi-polar သို့ ယနေ့ တရားဝင်ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း၊ multi-polar ဖြစ်လာသဖြင့် အာမခံဈေးကွက် အင်အားတောင့်တင်းလာပြီး ပြည်သူနှင့် နိုင်ငံတော်အကျိုးအတွက် လိုအပ်သောအာမခံ အမျိုးအစားသစ်များကို ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ သို့သော် အလောတကြီး ဆောင်ရွက်ပေးရမည်ဟု မဆိုလိုကြောင်း၊ သေချာစွာ လေ့လာစိစစ်၍ ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း ပြောကြားသည်။



## ရှင်းလင်းပြောကြား

ဆက်လက်၍ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အာမခံလုပ်ငန်း လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးက အာမခံကုမ္ပဏီလီမိတက်ငါးခုတို့အား အာမခံလုပ်ငန်းလိုင်စင်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# တနင်္သာရီတိုင်းဒေသကြီး ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်စံပြရွာ ညောင်ဇင်ကျောင်းတိုက် ဥတ္တမသိရီ ဘောဇနဆောင်ဖွင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်၍ ညောင်ရေသွန်းလောင်းပူဇော်သည်။

ယင်းနောက် သီတဂူအာရောဂျဒါနဆေးရုံ၌ သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့ကုသပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ ***ကျော့ဖုံးမှ***

ယာဉ်များ တင်သွင်းလျက်ရှိသည်ကို ကြားသိနေရကြောင်း၊ ထိုသို့ ပျက်စီးနေသည့် ယာဉ်များကို တင်သွင်းလာပါက ဥပဒေနှင့်အညီ အရေးယူခံရနိုင်ကြောင်း၊ သက်ဆိုင်ရာက သတိပေးထားကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတော်က ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ရေးအစီအစဉ်ကြောင့် ယခုအခါ မော်တော်ကားသစ်များကို တွေ့မြင်နေရပြီး မြို့ပြ၏ တိုးတက်ပြောင်းလဲလာမှု မြင်ကွင်းအဖြစ် တွေ့မြင်နေရပြီဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကားအရောင်းစင်တာများ တိုးတက်များပြားလာ၍ မော်တော်ကားဈေးနှုန်းများ ကျဆင်းလာသည်။ မကြာမီနှစ်အတွင်း မြန်မာနိုင်ငံကားဈေးကွက်အတွင်း ပြည်ပကားကုမ္ပဏီများ ထိုးဖောက်လာလျက်ရှိရာ မြန်မာ့ကားဈေးကွက်သည် ယခုလက်ရှိထက် ဆက်လက်ကျဆင်းနိုင်ကြောင်း ကားဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

ပြည်ပမှ တင်သွင်းလာသော မော်တော်ကားအများစုကို ရန်ကုန်ဆိပ်ကမ်းဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လျက်ရှိသည်။ ထို့အပြင် နယ်စပ်ဝင်ပေါက်များမှလည်း ဝင်ရောက်နေကြောင်း သိရသည်။ မိုဘိုင်းဖုန်းများကို တစ်ချိန်က ငွေကြေးတတ်နိုင်သူများ၏ ဇိမ်ခံပစ္စည်းတစ်ခုအဖြစ် အသုံးပြုနေရာမှ ယခုအခါ လူတိုင်းအသုံးပြုနိုင်သည့် မရှိမဖြစ် အသုံးအဆောင်ပစ္စည်းတစ်ခုအဖြစ်သို့ ပြောင်းလဲလာပြီဖြစ်သည်။ ထို့အတူ မော်တော်ကားဈေးကွက်သည်လည်း တဖြည်းဖြည်း ပြောင်းလဲလျက်ရှိသည်ကို တွေ့ရသည်။

**(မြန်မာ့အလင်း)**



ပြည်ပမှ တင်သွင်း ထားသော မော်တော်ကား များ ကို ရန်ကုန် ဆိပ်ကမ်းတွင် တွေ့ရစဉ်။

● ***ရှေ့ဖုံးမှ***

ကျိုင်းလပ်-တာလေမှ အာဆီယံလမ်းမ-၂ (AH-2) ဖြစ်သည့် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာအထိရှိသော လမ်းနှင့်ဆက်သွယ်မည်ဖြစ်သည်။ ထို့အတူ လာအိုနိုင်ငံဘက်တွင်လည်း လာအို-မြန်မာ ချစ်ကြည်ရေး တံတားထိပ်မှ ဗီယင်ကုတ်-လွမ်နံ့သာလမ်းပိုင်းနှင့် ဆက်စပ်နေသော အာဆီယံလမ်းနှင့် ဆက်သွယ်မည်ဖြစ်သည်။

တစ်ဖန် မြန်မာ-ထိုင်း နှစ်နိုင်ငံ စီမံကိန်းအဖြစ် မြန်မာ-ထိုင်း ဆက်သွယ်ထားသည့် တာချီလိတ်-မဲဆိုင် ချစ်ကြည်ရေးတံတားကို တည်ဆောက်ထားပြီးဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံနှင့် ဆက်စပ်နေသည့် မြဝတီ-သက်နွှဲညီနောင်လမ်းပိုင်းကိုလည်း ထိုင်းနိုင်ငံအကူအညီဖြင့် တိုးတက်ပြုပြင်ပြီးဖြစ်သည်။ ယင်းလမ်းပိုင်းမှာ အရှည် ၁၈ ကီလိုမီတာရှိရာ မော်တော်ယာဉ်များ မောင်းနှင်သွားလာနိုင်နေပြီဖြစ်သည်။ ဆက်လက်ပြီး သက်နွှဲညီနောင်- ကော့ကရိတ်အထိ ဆက်သွယ်ထားသည့် အရှည်ကီလိုမီတာ ၃၀ ရှိသော လမ်းပိုင်းကိုလည်း ထိုင်းနိုင်ငံက ဆောင်ရွက်ရန် ရန်ပုံငွေရရှိပြီးဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။ မကြာမီ အဆင့်မီလမ်းအဖြစ် အကောင်အထည်ပေါ်လာတော့မည် ဖြစ်သည်။

ထို့အပြင် ထားဝယ်မြို့အစပ်ရှိ နဘူးလယ်ရွာမှ မြန်မာ-ထိုင်းနယ်စပ် ဖူနမ်ရွမ်ရွာ၊ ယင်းမှတစ်ဆင့် မင်းသမီးတောင်ကြားအထိ ကီလိုမီတာ ၁၆၀ ရှည်သော လမ်းပိုင်းကိုလည်း မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသား ကုမ္ပဏီတစ်ခုတို့က ထိုင်းနိုင်ငံမှ အီတာလျံထိုင်းကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

၎င်းလုပ်ငန်းများ ပြီးစီးပါက မြန်မာနိုင်ငံ ဧရာဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် အာဆီယံလမ်းနှင့် အာရှလမ်းများ၊ ထိုင်းနိုင်ငံ ကျောက်ဖရားမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် အာဆီယံလမ်းနှင့် အာရှလမ်းများ၊ လာအို၊ ဗီယက်နမ်တို့နှင့်ဆက်စပ်မည့် မဲခေါင်မြစ်ဖြတ်တံတားနှင့်လမ်းများ၊ ယင်းမှာ ကမ္ဘောဒီးယားနိုင်ငံအထိ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်လမ်းသည် မြန်မာနိုင်ငံသာမက ဒေသတွင်းနိုင်ငံများအား ကုန်သွယ်မှုနှင့် ခရီးသွားလာနိုင်မှုများကို အထောက်အကူပြုကာ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ ဝေဖြာစေမည့်လမ်းအဖြစ် ပေါ်ထွက်လာမည် ဖြစ်ပါသည်။

**(မြန်မာ့အလင်း)**




နိုင်ငံတကာသတင်း

# ပါကစ္စတန်လေယာဉ်တစ်စင်းကို ကြားဖြတ်ဆင်းသက်စေကာ အကြမ်းဖက်ရန် မသင်္ကာမှုဖြင့် လူနှစ်ဦးကို လန်ဒန်ရဲက ဖမ်းဆီး

လန်ဒန် မေ ၂၅

**ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းကို ဗြိတိသျှဂျက်တိုက်လေယာဉ်များက ဝန်းရံပျံသန်းကာ လန်ဒန်မြို့အနီးရှိ စတန်းစတက်ဒ် လေယာဉ်ကွင်းသို့ ဆင်းသက်စေခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက လေယာဉ်ပေါ်သို့တက်ရောက်ကာ၊ လေယာဉ်ကိုအန္တရာယ်ဖြစ်စေခဲ့သည်ဟု မသင်္ကာသူလူနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၄ ရက်တွင် သတင်းတစ်ရပ်ထုတ်ပြန်သည်။**

ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းခဲ့ကြကြောင်းနှင့်အခင်းဖြစ်ရပ်တွင်ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် ပီကေ-၇၀၉ သည် ခရီးသည် ၂၉၇ ဦးကို တင်ဆောင်ကာ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့မှ ပျံသန်းလာခြင်းဖြစ်ပြီး အင်္ဂလန်မြောက်ပိုင်းရှိ မန်ချက်စတာလေဆိပ်၌ ဆင်းသက်ရန် ပြင်ဆင်နေစဉ်ကလေး မှာပင် လမ်းကြောင်းပြောင်း ပျံသန်းခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

**အမြင့်ဆုံးတပ်လှန့်**

အကြမ်းဖက်ဖြစ်ရပ်တစ်ခုအဖြစ် ဗြိတိန်အစိုးရက သတ်မှတ်ထားသည့် လန်ဒန်မြို့ လမ်းပေါ်တွင် ဗြိတိသျှစစ်သည်တစ်ဦး ဓားဖြင့်ခုတ်သတ်ခံရသည့်ဖြစ်ရပ် မေ ၂၂ ရက်က ဖြစ်ပွားခဲ့ပြီးနောက် ဗြိတိန်တွင် အမြင့်ဆုံးတပ်လှန့်ထားသည့် အခြေအနေတွင်ရှိသည်။



စတန်းစတက်ဒ် လေဆိပ်တွင်ရပ်နားထားသော ပါကစ္စတန်အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ဘိုးရင်း ၇၇၇ လေယာဉ်ပေါ်မှ ရဲတပ်ဖွဲ့ဝင် များ ဆင်းသက်လာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ရိုက်တာ)

စောစောပိုင်းရရှိခဲ့သည့် အထောက်အထားများအရ အထက်ဖော်ပြပါ လေယာဉ်သည် အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ ဦးတည်ပစ်မှတ်မဟုတ်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များက ထုတ်ဖော်ပြောကြားသည်။

လေယာဉ်ကို ဆင်းသက်ခဲ့ပြီးနောက် လေယာဉ်မှူးက မိမိတို့လေယာဉ်ခြိမ်းခြောက်ခံရမှုကြောင့် စတန်းစတက်ဒ်လေယာဉ်ကွင်းသို့ လမ်းကြောင်း ပြောင်းဆင်းသက်ခဲ့ရကြောင်း ခရီးသည်များအား အစီရင်ခံခဲ့သည်ဟု အဆိုပါ လေယာဉ်ဖြင့်လိုက်ပါလာသူ ခရီးသည်တစ်ဦးက ပြောကြားပြီး လေယာဉ်ပေါ်ပါလူနှစ်ဦးကို လက်ထိတ်ခတ်ဖမ်းဆီး ခေါ်ဆောင်သွားကြောင်းဖြင့်လည်း ပြောကြားသည်။

**စစ်ဆေးမေးမြန်း**

လေယာဉ်ကို အန္တရာယ်ပြုမှုမှုဖြင့် မသင်္ကာသူများအဖြစ် ဖမ်းဆီးခံရသူနှစ်ဦးမှာ အသက် ၃၀ နှင့် ၄၁ နှစ်အရွယ်ရှိသူများဖြစ်ပြီး ၎င်းတို့ကို ရဲစခန်းတွင် စစ်ဆေးမေးမြန်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ရိုက်တာ)**



# လွတ်လပ်သောကုန်သွယ်မှု တရုတ်နှင့်ဆွစ်ဇာလန် နှစ်နိုင်ငံတည်ထောင်

**ပေကျင်း မေ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီကီကျန်၏ ပထမဆုံး ဥရောပခရီးစဉ်သည် ဆွစ်ဇာလန်နိုင်ငံတွင် အဆုံးသတ်ခဲ့ပြီး တရုတ်နှင့်ဆွစ်ဇာလန်နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုမူဘောင်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ပရက်စ်တီဗွီသတင်း၌ မေ ၂၅ ရက်က ဖော်ပြသည်။

ဝန်ကြီးချုပ် လီကီကျန်သည် အဆိုပါ သဘောတူညီမှုကို မေ ၂၄ ရက်က လက်ခံအတည်ပြုခဲ့ခြင်းဖြစ်ပြီး ယင်းသဘောတူညီမှုသည် ဆွစ်ဇာလန်နယ်စပ်ကိုကျော်လွန်၍ အကျိုးသက်ရောက်လာနိုင်လိမ့်မည်ဟုလည်း မျှော်မှန်းကာ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်သမ္မတ အီလီမူရာက ယခုသဘောတူညီမှုရရှိခဲ့ခြင်းသည် စစ်မှန်သော သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်ဟု ရည်ညွှန်းပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများတွင် ပထမအဖြစ် ဥရောပသမဂ္ဂနှင့် ဒုတိယအဖြစ် အမေရိကန်တို့ရှိနေပြီး တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံသည် တရုတ်နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဆွစ်ဇာလန်နှစ်နိုင်ငံအကြားကုန်သွယ်မှုတွင် နာရီ၊ စက်ကိရိယာ၊အထည်အလိပ်စသည့် သွင်းကုန်ထုတ်ကုန် တင်ပို့မှုများသည် အဓိကဖြစ်ပြီး နေ့စဉ် ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂၆ ဘီလီယံ ရှိသည်။ **(ပရက်စ်တီဗွီ)**

# ဗြိတိန်၌ အမျိုးသမီးတစ်ဦး ကျားတိုက်ခိုက်ခံရပြီးသေဆုံး

**လန်ဒန် မေ ၂၅**

ဗြိတိန်နိုင်ငံ အနောက်မြောက်ပိုင်း ကမ်ဘရီရာမြို့အနီး ဆောက်လိစ်သဘာဝတိရစ္ဆာန်ဥယျာဉ်တွင် ကျားလှောင်အိမ်တစ်ခုအတွင်းမှ ဆူမတြားကျားတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် တိရစ္ဆာန်ရုံအလုပ်သမားအမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း မေ ၂၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆာရက်မက်ကလေ အမည်ရှိ အသက် ၂၄ နှစ်အရွယ် အဆိုပါအမျိုးသမီးသည် ကျားတိုက်ခိုက်ခံရမှုကြောင့် သူမ၏ဦးခေါင်းနှင့်လည်ပင်းတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး တော်ဝင်ပရီစတန်ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကျားလှောင်အိမ်အတွင်း ကျားများနှင့်အတူရှိနေသော မက်ကလေအတွက် မည်သည့်အတွက်ကြောင့် သေဆုံးရသည်ကို အကြောင်းပြချက် ပေးရန်မရှိပါကြောင်း ယင်းတိရစ္ဆာန်ဥယျာဉ်ပိုင်ရှင် ဒေးဗစ်ဂီးလ်က ဘီဘီစီသို့ ပြောကြားခဲ့သည်။

**(ဘီဘီစီ)**



ဆောင်းပါး

သာသည့်မြေသို့ (၂)

# အမြန်ဖွင့်ရမည့် ပြတင်းတစ်ပေါက်

**တောသားလေး**

မဝေးလှတော့သော အနာဂတ်ကာလဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပါဝင်ကြရမည်ဖြစ်ပါသည်။ ASEAN Economic Community (AEC) ဟုခေါ်သော ယင်းအသိုက်အဝန်းထူထောင်ရာတွင် ပါဝင်သည့် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်မှာ တစ်ခုတည်းသော အာဆီယံပြတင်းပေါက် (ASEAN Single Window) အစီအစဉ်ဖြစ်ပါသည်။

တစ်ခုတည်းသော အာဆီယံပြတင်းပေါက်ဆိုသည်မှာ အာဆီယံအဖွဲ့အတွင်း၌ နိုင်ငံအချင်းချင်း ကုန်စည်ကူးသန်းရောင်းဝယ်ကြရာတွင် အိမ်ချင်းကပ်လျက် အိမ်နီးချင်းများ မိမိအိမ်၏ပြတင်းပေါက်မှ အခြားအိမ်သို့ ပစ္စည်းများအလွယ်တကူလှမ်းပေးနိုင်သကဲ့သို့ တစ်နေရာတည်းမှ ဝင်ပေါက်ဖွင့်လှစ်လျက် အဆီးအတားအခက်အခဲနည်းနိုင်သမျှနည်းစွာ ပို့ဆောင်ကုန်သွယ်ရောင်းဝယ်နိုင်စေမည့်အစီအစဉ်ဖြစ်သည်။ အိမ်တစ်အိမ်၏ပြတင်းပေါက်တစ်ခုမှ အခြားအိမ်၏ ပြတင်းပေါက်ကိုဖြတ်သန်း၍ ပစ္စည်းများအလွယ်တကူ ပို့ဆောင်နိုင်ရန်မှာ ပြတင်းပေါက်ချင်းတည့်မတ်စွာရှိနေရန်လိုသကဲ့သို့ ကပ်လျက်ရှိနေသည့် ပြတင်းပေါက်ချင်းသည်လည်း အရွယ်အစားတူ အကျယ်အဝန်းတူဖြစ်ရန်လိုပေလိမ့်မည်။ ယင်းအတွက် မိမိတို့၏ ကိုယ်ပိုင်ပြတင်းပေါက်များကို ကိုယ်စီကိုယ်င ပြင်ဆင်ထားကြရန်လိုမည်ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ ကိုယ်ပိုင်ပြတင်းပေါက်ဆိုသည်မှာ National Single Window ဖြစ်ပြီး နိုင်ငံအတွင်းရှိ ကုန်သွယ်မှုနှင့်ဆိုင်သော ဌာနဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ အသင်းအပင်းအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း လိုက်လျောညီထွေစွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ကွန်ရက်သဖွယ်စုစည်းကာ လမ်းကြောင်းတစ်ခုတည်းပေါ်၌ ဆောင်ရွက်နိုင်သည့်စနစ်ကို ဆိုလိုခြင်းဖြစ်သည်။

ဆိုလိုသည်မှာ အာဆီယံနိုင်ငံအချင်းချင်းချိတ်ဆက်၍ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ မလုပ်ဆောင်မီ မိမိနိုင်ငံအတွင်း ဌာနအချင်းချင်း လုပ်ငန်းများချိတ်ဆက်၍ အဆင်ပြေဆုံးနှင့် အလျင်မြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်ထားရမည်ဖြစ်ပါသည်။ ထိုသို့စီစဉ်နိုင်ရန်အတွက် မရှိမဖြစ် အဓိကလိုအပ်ချက်မှာ သတင်းအချက်အလက်နည်းပညာအသုံးပြု၍ ကွန်ရက်တည်ဆောက်ရန်ဖြစ်သည်။ အာဆီယံနိုင်ငံအများအပြားတွင် သတင်းအချက်အလက်နည်းပညာဖြင့် ကိုယ်ပိုင်ပြတင်းပေါက် National Single Window များတည်ဆောက်ထားပြီး ဖြစ်ပါသည်။

National Single Windowစနစ်နှင့်ပတ်သက်၍ နည်းပညာကဏ္ဍတွင် ရှေ့တန်း၌ရောက်ရှိနေပြီး အောင်မြင်စွာကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စင်္ကာပူနိုင်ငံသို့ ပြည်သူ့ဝန်ဆောင်မှု အကဲဖြတ်အဖွဲ့၏ အစီအစဉ်ဖြင့် ပြီးခဲ့သည့် မတ်လအတွင်းက သွားရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

စင်္ကာပူနိုင်ငံတွင် National Single Window စနစ်ကို ၁၉၈၉ ခုနှစ်က စတင်ဖော်ဆောင်နိုင်ခဲ့သည်။ ယခုအခါ ယင်းစနစ်ကို လေးကြိမ်မြောက်ပြုပြင်မွမ်းမံပြီး ဆက်လက်အသုံးပြုလျက်ရှိသည်။ စင်္ကာပူ၏ တစ်ခုတည်းသော ပြတင်းပေါက်စနစ်ကို Trade Net ဟူ၍ အမည်ပေးထားသည်။ Trade Net ကို မကျင့်သုံးမီက ကုန်ပစ္စည်းတင်ပို့/တင်သွင်းလိုသော ကုန်သည်များ၊ ကုန်စည်ပို့ဆောင်သူ Freight Forwarders များ၊ သင်္ဘောလိုင်းအေးဂျင့်များ၊ လေကြောင်းကုန်စည်အေးဂျင့်များ၊ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များသည် အကောက်ခွန်ဌာန၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးဌာန၊ စိုက်ပျိုးရေးနှင့်တိရစ္ဆာန်မွေးမြူကုသရေးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ ဘဏ်၊ အာမခံ၊ ဆိပ်ကမ်း၊ ကုန်လှောင်ရုံစသော နေရာဌာနများစွာသို့ ခေါက်တုံ့ခေါက်ပြန်သွားရောက်၍ လိုအပ်သော စာရွက်စာတမ်း၊ ခွင့်ပြုမိန့်များကို ရယူခဲ့ကြပြီး ရက်များစွာကြာမြင့်ခဲ့သည်။

Trade Net ကို စတင်ဖော်ဆောင်ကျင့်သုံးပြီးသည့်နောက်၌မူ ယင်းစာရွက်စာတမ်းကိစ္စများကို မည်သည့်ရုံးဌာနသို့မျှသွားရန်မလိုဘဲ အင်တာနက်အွန်လိုင်းမှတစ်ဆင့် ၁၀ မိနစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်စွမ်းရှိလာပြီဖြစ်သည်။ Trade Net တွင် ကုန်ပစ္စည်းတင်သွင်းရန်ပုံစံဖြည့်၍ ရိုက်သွင်းလိုက်သည်နှင့် ကြီးကြပ်ကန့်သတ်ပစ္စည်းဖြစ်ပါက သက်ဆိုင်ရာကြီးကြပ်ခွင့်ပြုသည့်ဌာနများထံသို့ ရောက်ရှိသွားသကဲ့သို့ အကောက်ခွန်ဌာနသို့လည်း အမှုတွဲဖိုင် ရောက်ရှိသွားမည်ဖြစ်သည်။ သက်ဆိုင်ရာ ကြီးကြပ်ဌာနနှင့် အကောက်ခွန်က သွင်းကုန်တင်သွင်းရန်ခွင့်ပြုချက် ပြန်လည်ပေးပို့လိုက်ချိန်မှာပင် ကျသင့်သောအကောက်ခွန်ကိုဘဏ်သို့ ထုတ်နုတ်လွှဲပြောင်း ကောက်ခံပြီးဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာ ဆိပ်ကမ်း၌ ဆိပ်ကမ်းရှင်းလင်းရေးအတွက် အမှုတွဲစာရွက်စာတမ်းက အွန်လိုင်းမှရောက်ရှိသွားမည်ဖြစ်သည်။ ထို့နောက် အကောက်ခွန်ဌာနမှ ထုတ်ယူခွင့်ရယူပြီးလျှင် ဆိပ်ကမ်းမှ ထုတ်ယူကာ သက်ဆိုင်ရာကုန်လှောင်ရုံများသို့ ပို့ဆောင်သယ်ယူနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ပုံစံတစ်ခုတည်း ဖြည့်သွင်းကာ လုပ်ငန်းစဉ်လမ်းကြောင်းတစ်ခုတည်းဖြင့် ကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်စွာတင်သွင်း/တင်ပို့နိုင်လျက်ရှိသည်ကို တွေ့ရသည်။

ဆိပ်ကမ်းများတွင်လည်း မိမိကိုယ်ပိုင် ဆိပ်ကမ်းကွန်ရက် Port Netများ ထူထောင်ထားပြီး Trade Net ကွန်ရက်မှရောက်ရှိလာသော ကုန်စည်သတင်းအချက်အလက်များနှင့် ဆိပ်ကမ်းစီမံခန့်ခွဲရေး ကွန်ရက်အချက်အလက်များ၊ ပေါင်းစပ်ကာ သင်္ဘောတင်/ချ ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းများကို ဆောင်ရွက်သွားသည်။ ဘဏ်များ၌လည်း အလားတူပင် ဘဏ်ကွန်ရက်စနစ်နှင့် Trade Net ကို ပေါင်းစပ်မိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဌာနဆိုင်ရာများ၏ ကိုယ်ပိုင်ကွန်ရက်နှင့် Trade Net တို့ကို ပေါင်းစပ်ချိတ်ဆက်ပေးသည့် ကွန်ပျူတာအစီအစဉ်ကို Trade Xchange ဟု အမည်ပေးထားသည်။ ထိုသို့ချိတ်ဆက်ထားသော Trade Net ကွန်ရက်တွင် စင်္ကာပူ အကောက်ခွန်၊ ရဲတပ်ဖွဲ့၊ လူဝင်မှုနှင့်နယ်စပ်ဝင်ပေါက် ထိန်းသိမ်းစောင့်ကြပ်ရေး သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး စသည့်ဌာနဆိုင်ရာ ၁၂ ခုတို့ ပါဝင်ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။

စင်္ကာပူ၏ Trade Net ကွန်ရက်သည် အမျိုးသားအဆင့် အီလက်ထရွန်နစ်အုပ်ချုပ်စီမံခန့်ခွဲမှု e-Government အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် နှစ်ဆယ့်တစ်ရာစု ပြည်သူ့ဝန်ဆောင်မှုစနစ် (PS 21 ) ကို အီလက်ထရွန်နစ်နည်းပညာအကူအညီဖြင့် ပြုပြင်ပြောင်းလဲဖော်ဆောင်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီးဖြစ်သည်။ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူလူထုအကြား ဆက်ဆံဆက်သွယ်မှုကို ယခင်က တစ်လမ်းသွားပုံစံဆောင်ရွက်ခဲ့ရာမှ ယခုအခါ နှစ်လမ်းသွား အပြန်အလှန်ဆက်ဆံမှုအဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ အီလက်ထရွန်နစ်နည်းပညာ၏ ကျေးဇူးကြောင့် ပြည်သူများအနေဖြင့် မီတာခဆောင်လိုသည်ဖြစ်စေ၊ ဖုန်းဘီလ် ပေးသွင်းလိုသည်ဖြစ်စေ၊ အလုပ်လျှောက်လွှာတင်လိုသည်ဖြစ်စေ၊ မီးနီ/မီးဝါဖြတ်မိ၍ ဒဏ်ကြေးပေးဆောင်လိုသည်ဖြစ်စေ၊ အကြံပြုလွှာစာပေးပို့လိုသည်ဖြစ်စေ၊ ဘဏ်မှငွေထုတ်လိုသည်ဖြစ်စေ၊ ခလုတ်နှိပ်ရုံမျှဖြင့် မည်သည့်ရုံးပြင်ကနားသို့မျှ သွားစရာမလိုဘဲ ကိစ္စပြီးစီးနိုင်သည်။

မြန်မာနိုင်ငံတွင်လည်း လက်ရှိ ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်နိုင်ရေးအတွက်လည်းကောင်း၊ မိမိနိုင်ငံက အဖွဲ့ဝင်အဖြစ် ကတိကဝတ်ပြုကာ ပါဝင်လျက်ရှိသော အာဆီယံအဖွဲ့ဝင်တွင်း၌ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ရင်ပေါင်တန်းလက်တွဲကာ အပြည့်အဝလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ e-Government နှင့် National Single Window ထူထောင်နိုင်ရေးသည် များစွာအရေးကြီးသည်။ National Single Windowထူထောင်နိုင်ရန်အတွက် အမျိုးသားအဆင့်ကော်မတီတစ်ရပ်ကိုထူထောင်ပြီးဖြစ်သကဲ့သို့ အမျိုးသားအဆင့် e-Government ဖြစ်မြောက်ရေးအတွက်လည်း ကော်မတီအသီးသီးဖွဲ့စည်းလုပ်ဆောင်လျက်ရှိကြောင်း သိရပါသည်။

သို့တစေ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် အဆင့်မြင့်သတင်းအချက်အလက်နည်းပညာကို တစ်နိုင်ငံလုံးသို့ လွှမ်းခြုံရောက်ရှိရေးသည် စိန်ခေါ်မှုများနှင့် အခက်အခဲများ တစ်ပုံတစ်ပင်ကို ရင်ဆိုင်ကျော်လွှားရဦးမည်ဖြစ်ပါသည်။

ပထမဆုံးကြုံတွေ့ရသည့် စိန်ခေါ်မှုမှာ အခြေခံအဆောက်အအုံ လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတစ်နံတစ်လျားသို့ တစ်မုဟုတ်ချင်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်ရေးသည် တယ်လီဖုန်းနှင့်အင်တာနက် ဆက်သွယ်ရေးစနစ်များ နိုင်ငံအနှံ့၌ ပျံ့ပျံ့နှံ့နှံ့ ခိုင်ခိုင်မာမာ တည်ဆောက်ထားပြီးဖြစ်ရန်လိုသည်။ လက်ရှိအခြေအနေအထိ မြန်မာနိုင်ငံ၏ တယ်လီဖုန်းနှင့်လူဦးရေသိပ်သည်းဆအချိုးသည် ၇ ရာခိုင်နှုန်းသာရှိပြီး ဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာစေရေးအတွက် အပူတပြင်းလုပ်ဆောင်နေရဆဲဖြစ်သည်။ စိတ်ချယုံကြည်ရပြီး လျင်မြန်သော ဆက်သွယ်မှုနှင့် အင်တာနက်လိုင်းများ ထူထောင်ထားရှိနိုင်ရန်မှာ မြေပြင်၌ ကျောရိုးသဖွယ်ဖြစ်သော ဖိုင်ဘာဖန်မျှင်ကြေးနန်းလိုင်းများ သွယ်တန်းထားရန်လိုသကဲ့သို့ လက်ကိုင်ဖုန်းများအတွက်လည်း နိုင်ငံအနှံ့ အခြေပြုမျှော်စင်စခန်းများ အများအပြားတည်ဆောက်ရန်လိုသည်။ အင်တာနက်သုံးစွဲရာ၌ လျင်မြန်လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတကာမှ ရေအောက်၊ မြေအောက် ကြိုးလိုင်းများနှင့် တိုးချဲ့ချိတ်ဆက်ရန်လိုအပ်ပါသည်။

နောက်ထပ်စိန်ခေါ်မှုမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြစ်သည်။ မည်မျှပင် အင်တာနက် Service Provider များက အင်အားကောင်းစွာ ဝန်ဆောင်ဖြည့်ဆည်းပေးသည့်တိုင်အောင် လျှပ်စစ်ဓာတ်အားလုံလောက်စွာ မှန်မှန်မရပါက အင်တာနက်နှင့်အခြားကွန်ရက်ဆက်သွယ်မှုများ အဆင်ပြေကောင်းမွန်ချောမွေ့နိုင်မည်မဟုတ်ပါ။ ဥပမာအားဖြင့် ဘဏ်သို့ပေးသွင်းခြင်း၊ ငွေစာရင်းလွှဲပြောင်းခြင်း၊ ATM ငွေထုတ်စက်မှ ငွေထုတ်ယူခြင်းစသည့် ငွေကြေး လွှဲပြောင်းမှုဆိုင်ရာကိစ္စများတွင် လျှပ်စစ်မီးမှန်မှန်မရပါက များစွာအခက်အခဲဖြစ်နေပေလိမ့်မည်။

နောက်ထပ်လိုအပ်ချက်တစ်ရပ်မှာ Facility ဟု ခေါ်ကြသော လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများဖြစ်ကြသည့် ကွန်ပျူတာ၊ ပရင်တာ၊ မိုဒမ်၊ စကင်နာ၊ အအေးခန်း၊ စားပွဲ၊ ကုလားထိုင်၊ မီးကြိုးစသည်တို့ ဖြစ်သည်။

အထက်တွင်တင်ပြခဲ့သည့် အခြေခံတည်ဆောက်မှု လျှပ်စစ်စွမ်းအင်နှင့် လုပ်ငန်းသုံးကိရိယာများအားလုံးသည် ဘတ်ဂျက်သုံးစွဲငွေရရှိရေးအပေါ်မူတည်နေသည့်အတွက် ငွေရေးကြေးရေး ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်မှာလည်း အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။

ရုပ်ဝတ္ထုပစ္စည်းများနှင့်တန်းတူ အရေးကြီးသောလိုအပ်ချက်တစ်ရပ်သည် လူသားအရင်းအမြစ်ဖြစ်သည်။ ယနေ့ကာလအထိ အစိုးရဌာနနှင့်အခြား စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင် အမှုထမ်း၊ အရာထမ်းအားလုံး ကွန်ပျူတာနည်းပညာကို အပြည့်အဝတတ်ကျွမ်းအသုံးပြုနိုင်ခြင်းမရှိသေးပါ။ ဌာနများတွင် များသောအားဖြင့် ဘတ်ဂျက်ငွေအခက်အခဲနှင့် သင်တန်းတက်ရောက်နိုင်မှု အားနည်းချက်များကြောင့် ကွန်ပျူတာဌာနစိတ်များ နည်းနည်းနှင့်ကျဲကျဲဝိုင်းနေကြရဆဲဖြစ်သည်။

လက်ဆုပ်လက်ကိုင်မြင်နိုင်သည့် အထက်ဖော်ပြပါ ရုပ်ဝတ္ထုပစ္စည်း Material၊ ငွေကြေး Money နှင့် လူသားအရင်းအမြစ် Men တို့အပြင် ထင်ရှားမမြင်သာသော်လည်း အလွန်အရေးပါသည့် နောက်ထပ်လိုအပ်ချက် M တစ်လုံးမှာ Management စီမံခန့်ခွဲမှု ဖြစ်ပါသည်။ e-Governmentသို့ သွားမည်ဆိုလျှင် ဌာနတစ်ခုချင်း ကိုယ်ထင်သလို စီမံခန့်ခွဲနေ၍ မဖြစ်ပါ။ ဌာနအားလုံးနှင့် ဆက်သွယ်ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်အားလုံး လွယ်ကူချောမွေ့ထိရောက်လျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ်တစ်ရပ် လိုအပ်မည်ဖြစ်ပါသည်။

ရိုးသားစွာဝန်ခံရမည်ဆိုပါက လက်ရှိအခြေအနေတွင် အထက်ပါ M လေးလုံး (Man/Money/Material/Mangement) လိုအပ်ချက်များကြောင့် အစိုးရဌာနများတွင် e-Government ကို ပြီးပြည့်စုံအောင် ဖော်ဆောင်နိုင်ခြင်းမရှိကြသေးသည်ကို တွေ့ရပါသည်။ သို့သော်လည်း မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် တစ်ဖက်ကလည်း ရသမျှလူအင်အား၊ နည်းပညာ၊ ငွေကြေး၊ အရင်းအမြစ်များဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြပါသည်။ ထိုသို့စွမ်းနိုင်သမျှ အကန့်အသတ်ဖြင့် ဆောင်ရွက်ရသည့်အတွက်ကြောင့် ကွန်ပျူတာ၊ အင်တာနက်၊ အွန်လိုင်းစနစ်ကို မသုံး၍လည်းမရ၊ အပြည့်အဝလည်း မသုံးနိုင်ဖြစ်နေရာ အချို့ဌာနများတွင် စက်တစ်ပိုင်း လူတစ်ပိုင်း(Semi-On Line) ပုံစံမျိုးဖြစ်လာခဲ့ရပါသည်။ ဤတွင် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရသူ ပြည်သူများ၊ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ကွန်ပျူတာ အင်တာနက်အတွက်လည်းပေးရ၊ လူနှင့်လည်းပုံစံများဖြည့်သွင်းရဖြစ်ကာ အချိန်ကုန်၊ ငွေကုန်၊ လူအင်အား ပြုန်းတီးလေလွင့်မှုများဖြစ်နေရကြောင်း တင်ပြပြောဆိုလာမှုများ ရှိနေပါသည်။

မည်သို့ပင်ဖြစ်စေ ဒေသတွင်း၌ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် မကြာမီ စတင်ပါဝင်ရတော့မည်ဖြစ်သကဲ့သို့ နိုင်ငံတကာနှင့်လည်း ငွေရေး၊ ကြေးရေး၊ စီးပွားရေးဆက်ဆံမှုများ ပိုမိုတံခါးဖွင့်လာပြီဖြစ်ရာ အစစအရာရာ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်မီ ပါဝင်လုပ်ဆောင်နိုင်ရေးသည် မြန်မာနိုင်ငံအတွက် ငြင်းပယ်ရှောင်လွှဲ၍မရသော တာဝန်တစ်ရပ်ဖြစ်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်e-Government ဖော်ဆောင်ရေးသည် မဖြစ်မနေ အချိန်မီဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရကိုယ်တိုင်ကလည်း အထူးဦးစားပေးကာ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် e-Government ဖော်ဆောင်ရေးသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအတွက် အစိုးရတစ်ခုတည်း၏ အင်အားဖြင့် ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ရန် ခဲယဉ်းသည့်အားလျော်စွာ အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပြည်သူအားလုံး ဝိုင်းဝန်းပံ့ပိုး ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေးဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး ကလေး၊ လူကြီးအားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။ အသက် ၁၅ နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် စောစီးစွာ မကုသပါက အသက်သေဆုံးနိုင်သဖြင့် အချိန်မီကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ ခြင်ကျား(ခေါ်)ခြင်ပုန်းမပေါက်ပွားစေရန်နှင့် **မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန်** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

၁။ ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးပါ။

၂။ ကလေးများအိပ်သည့်အခါတိုင်း နေ့/ညမရွေး ခြင်ထောင်ဖြင့်အိပ်ပါ။

၃။ လေကောင်း၊ လေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။

၄။ အိမ်တွင်း၊ အိမ်ပြင်ပတ်ဝန်းကျင် သန့်ရှင်းစွာထားပါ။

၅။ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော ချိုင့်ခွက်များတွင် ပိုးလောက်လမ်းမပေါက်ပွားနိုင်အောင် မြေဖို့ပါ။

၆။ ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများ၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်း မပေါက်ပွားစေရန် လုံခြုံစွာဖုံးအုပ်ထားပါ။

၇။ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများနှင့် အလှပန်းအိုးများ၊ ရေအိုးများကို ပိုးလောက်လမ်းများကင်းစင်စေရန် နေ့စဉ်တိုက်ချွတ်၍ ရေလဲလှယ်ပေးပါ။

၈။ ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊ အုန်းမှုတ်ခွက်စသည့် မိုးရေတင်ကျန်နိုင်သော နေရာများတွင် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းပြုလုပ်၍ ရှင်းလင်းပါ။

၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။

၁၀။ ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် **(ဖုံး၊ သွန်၊ လဲ၊ စစ်)** လုပ်ငန်းများကို ပြည်သူလူထုမှ နေ့စဉ်၊ အပတ်စဉ် ပူးပေါင်းဆောင်ရွက်ပါ။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ဆေးကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့

နေပြည်တော် မေ ၂၅

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံသို့ မေ ၂၀ မှ ၂၅ ရက်အထိ သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**

ခရီးစဉ်အတွင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာလေ့ကျင့်ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Japan International Training Cooperation Organization - JITCO) မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌတို့သည် ဂျပန်နိုင်ငံသို့ မြန်မာအလုပ်သမားများ စေလွှတ်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။ **(အောက်ယာပုံ)**

မေ ၂၁ ရက်တွင် နာကိုရာမြို့ရှိ Nishiyama Industry Co.,Ltd.၊ IO Industry Co., Ltd. နှင့် Kosai-shi Co.,Ltd. တို့သို့ သွားရောက်၍ စက်ရုံတာဝန်ခံများနှင့်တွေ့ဆုံကာ နိုင်ငံခြားသား အလုပ်သမားများ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နေထိုင်စားသောက်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုအခြေအနေများကို လေ့လာကြသည်။

မေ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုတိုမြို့၌ Kyoto Chamber of Commerce and Industry ဥက္ကဋ္ဌ Mr. Yoshio TATEISI ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးကြသည်။

မေ ၂၃ ရက်တွင် Tokyo မြို့၌ Tokyo Chamber of Commerce and Industry မှ ဒုတိယဥက္ကဋ္ဌ Ms. Yuri KONNO ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမား၊ လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Jun-ichi KANEKO ဦးဆောင်သောအဖွဲ့နှင့် လည်းကောင်း တွေ့ဆုံပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်လုပ်သားများမွေးထုတ်ရန် လိုအပ်သည့်အခြေအနေများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ရန်နှင့် Public, Private, Partnership (PPP) အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။



မြန်မာအလုပ်သမားရေးရာ ကိစ္စကို စိတ်ပါဝင်စားသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် ဂျပန်အောက်လွှတ်တော်အမတ် Mr. Hirohiko Nakamura နှင့် လွှတ်တော်အမတ်များ တည်ခင်းသောညစာစားပွဲသို့ တက်ရောက်ပြီး အလုပ်သမားရေးရာကိစ္စများကို အလုပ်သဘော ဆွေးနွေးသည်။

မေ ၂၄ ရက်တွင် Japan Vocational Ability Development Association (JAVADA) မှ International Cooperation Project, Director-General Mr. Kazushi Nishida ဦးဆောင်သောအဖွဲ့နှင့် ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုကျိုမြို့ရှိ လွှတ်တော်အဆောက်အအုံ Diet Members Hall ၌ The Future of Skill Trainee and Development of Myanmar နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Overseas Employment Agency များ၊ စက်ရုံ အလုပ်ရုံလုပ်ငန်းရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊

**(သတင်းစဉ်)**

# ပုဒ္ဓဂယာမှ ဗောဓိညောင်ပင်တော်၏ အပင်ပွားများ စိုက်လျှုပွဲနှင့် ညောင်ရေသွန်းလောင်းလှူပွဲကျင်းပ



ဘုရားကြီး ကျောင်းတိုက် ပဓာန ဆရာတော် ဘဒ္ဒန္တဓမ္မသာမိထံ အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်လေးရီ မိသားစုညီအစ်ကို မောင်နှမများက ဗောဓိညောင်ပင် အားဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

**ရန်ကုန် မေ ၂၅**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)နံနက်ပိုင်းက အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်လေးရီ မိသားစုညီအစ်ကို မောင်နှမများက အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ခဲ့စဉ် ပင့်ဆောင်ခဲ့သော မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်တော်၏ အပင်ပွားအစစ် ဗောဓိညောင်ပင်စိုက်လှူပွဲနှင့် ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် (၄)ရပ်ကွက် ငါးဆူတောင်ကျေးရွာရှိ ဘုရားကြီးကျောင်းတိုက်တွင် ကျင်းပသည်။

ဘုရားကြီးကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တဓမ္မသာမိထံ အလှူရှင် ဆရာဝန်ကြီးပါမောက္ခ ဦးခင်မောင်ဝင်းမိသားစုက ဗောဓိညောင်ပင်အားဆက်ကပ်ကာ ဗောဓိညောင်ပင်စိုက်လှူပွဲနှင့် ညောင်ရေသွန်းပွဲတော် ကျင်းပသည်။

**ညောင်ရေသွန်းလောင်း**

ဆက်လက်ပြီး လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်စု ကျောက်ဘုရားကွင်း တောင်ပေါ်တောရကျောင်းတိုက်ဝင်းအတွင်း ဗောဓိညောင်ပင်စိုက်လှူပွဲနှင့် ညောင်ရေသွန်းပွဲတော်အခမ်းအနားကျင်းပရာ ဗောဓိညောင်ပင်အား ဆရာတော် အရှင်နန္ဒစာရက လက်ခံပြီး အလှူရှင်ဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းမိသားစုက ဗောဓိညောင်ပင်စိုက်လှူကာ ဧည့်ပရိသတ်များ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းကြသည်။

**(သတင်းစဉ်)**

# ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် (၃၈)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဆုရရှိကြသော ဝန်ကြီးဌာနစစ်တုရင်အသင်းများ သတ်မှတ်နေရာ၌နေရာယူကြပြီး ပထမတန်း အသင်းလိုက်ပြိုင်ပွဲ၊ ဒုတိယတန်း အသင်းလိုက်ပြိုင်ပွဲ၊ တတိယတန်း အသင်းလိုက်ပြိုင်ပွဲများနှင့် တစ်ဦးချင်းကစားခုံဆုရရှိကြသော စစ်တုရင်အားကစားသမားများအား တာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က အမြန်ရွှေ့တစ်ဦးချင်းကစားခုံဆုရရှိကြသူများနှင့် အသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိကြသောအသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က တတိယတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန(က)အသင်း၊ ဒုတိယတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပထမတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ပြီး သုံးနှစ်ဆက်တိုက် စွယ်စုံတံခွန်စိုက်ဆုရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**✻ ကျောဖုံးမှ**

အခင်းဖြစ်ရာသို့ စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ အသက်ကယ်ယာဉ်တစ်စီး၊ သူနာပြုယာဉ်တစ်စီး၊ အုပ်ချုပ်မှု ယာဉ်တစ်စီးတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာ ပိုင်ရှင် ဦးနိုင်တိုး-၂ ပိုင် RC နှစ်ထပ်တိုက်အား မြို့တော်စည်ပင်၏ ခွင့်ပြုချက်ရယူပြီး ဆိုက်တာဝန်ခံ ဦးအေးသိန်းက အလုပ်သမားများဖြင့် ဖြိုဖျက်ရာမှ ယနေ့နံနက် ၉ နာရီတွင် အပေါ်ထပ်ခေါင်းရင်းဝရန်တာရှိ လက်ရန်းတန်းအား သံဖြတ်လွှဖြင့် ဖြတ်တောက်နေရာမှ ရုတ်တရက်ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်ပွားချိန်၌ အလုပ်သမား ကိုထွန်းလွင်မျိုး အသက် ၂၀ နှစ် (ဝါးခယ်မမြို့နယ်)မှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး အလုပ်သမား ကိုရှိန်းကို အသက် ၂၀ နှစ် (ပုသိမ်မြို့နယ်)၊ အလုပ်သမား ကိုမိုးကျော်သူ အသက် ၂၇ နှစ်(ဝါးခယ်မမြို့နယ်)တို့မှာ ဆေးရုံ၌ ထပ်မံသေဆုံးခဲ့ကြောင်းနှင့် ကိုသီဟ အသက် ၃၀ နှစ်(ဝါးခယ်မမြို့နယ်)မှာ ဘယ်ဘက်ခြေထောက်၌ ဒဏ်ရာရရှိခဲ့ပြီး မစိုးရိမ်ရကြောင်း သိရှိရသည်။

**▲ ကျောဖုံးမှ**

စတော့ဟုမ်းမြို့၏ အနောက်ဘက် မိုင် ၁၀၀(ကီလိုမီတာ ၁၆၀ ခန့်) အကွာရှိ အလယ်အလတ်အဆင့်မြို့တစ်မြို့ဖြစ်သော အိုးရက်ဘရိုတွင် မငြိမ်မသက်ဖြစ်ပွားနေမှုများမှာ ရက်သတ္တတစ်ပတ်ခန့်ရှိလာခဲ့ပြီဖြစ်သည်။ အဆိုပါမြို့သည် စွန့်စားလာရောက်နေထိုင်သူများအတွက် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်မှုတို့၏ အိုအေစစ်ဟု ဂုဏ်သတင်းကျော်ကြားသောမြို့ ဖြစ်သည်။

လာရောက်ခိုလှုံသူများနှင့်ပတ်သက်၍ လိုက်လိုက်လျောလျော သဘောထားကြီးသော ဆွီဒင်နိုင်ငံ၏မူဝါဒအရ ပြည်ပမှ အခြေချနေထိုင်သူများကို လက်ခံခဲ့ရာ ယခုအခါ လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ ရှိလာခဲ့ပြီး ၎င်းတို့နှင့် ပေါင်းစည်းနေထိုင်ရန်ကိစ္စအပေါ် ဆွီဒင်နိုင်ငံသားများအကြား ငြင်းခုံမှုဖြစ်ပွား ရာမှအစပြု၍ အဓိကရုဏ်းများဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

ဆွီဒင်နိုင်ငံ၏ ဒုတိယနှင့် တတိယအကြီးဆုံးမြို့ကြီးနှစ်မြို့ဖြစ်သည့် ဂိုဒင်ဘတ်နှင့် မဲလ်မိုးမြို့တို့မှ ရဲတပ်ဖွဲ့ဝင်များကို စတော့ဟုမ်းမြို့သို့ ခေါ်ယူအားဖြည့်နေရကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အိုးရက်ဘရိုမြို့တွင် ကျောင်းတစ်ကျောင်းနှင့် ကားအများအပြားမီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဆူပူသောင်းကျန်းမှုများမှာ ညသန်းခေါင်ခန့်တွင် ငြိမ်သက်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းပေးသည်။ **(အေအက်ဖ်ပီ)**

# လယ်သစ်ဖောက်ရာမှ ပုံးများတွေ့ရှိ

**ခင်ဦး မေ ၂၅**

ခင်ဦးမြို့နယ် ရှင်မင်းဒွေကျေးရွာ၏ အရှေ့ဘက် ခြောက်ဖာလုံခန့်အကွာတွင် မေ ၂၃ ရက် နံနက် ၉ နာရီက တောင်သူဦးညွန့်မောင်(ဘ) ဦးကောင်းစံ၏ကွင်း လယ်သစ်ဖောက်ရာမှ ရှစ်လက်မခန့်တူးစဉ် ၃၆ ခွင်းပုံး(အဟောင်း) ခုနစ်လုံးတွေ့ရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းကျော်ထံသို့ အလုပ်သမား ဦးကျော်မိုး၊ ဦးဝင်းဆောင်၊ ဦးလှရွှေတို့က အပ်နှံထားကြောင်း သတင်းရရှိ၍ နယ်မြေခံတပ်မှ ဗိုလ်ကြီးတင်အောင်ထွန်းနှင့် ခင်ဦးရဲစခန်းမှ စခန်းမှူးရဲအုပ်ရဲခေါင်မြင့်နှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး အဆိုပါပုံး တွေ့ရှိသည့်နေရာအား ထပ်မံစစ်ဆေးရှာဖွေရာ မြေသား ၁၈ လက်မခန့်အနက်မှ ထပ်မံ၍ ၁၇ လုံးတွေ့ရှိခဲ့ပြီး စုစုပေါင်း ၂၄ လုံးတွေ့ရှိခဲ့ကြောင်း၊ သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ရောင်နီတင်ဝင်း)**

**လွှတ်တော်ရုံး**

**ရုံးအမှတ်(၂၀)၊နေပြည်တော်**

**(၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်)**

**ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲအချိန်စာရင်းကြေညာခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြေညာခေါ်ယူထားသည့် လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အထက်ပါရာထူးနေရာများအတွက် လျှောက်ထားသူများအနက်မှ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၆-၅-၂၀၁၃ မှစ၍ ရုံးအမှတ် (၂၀)၊ လွှတ်တော်ရုံးတွင် ထုတ်ပြန်ကြေညာထားမည် ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ရရှိသူများကို ၂၈-၅-၂၀၁၃ နှင့် ၂၉-၅-၂၀၁၃ ရက်များတွင် ရုံးချိန်အတွင်း ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၃။ ဖြေဆိုရမည့်နေရာနှင့် အချိန်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| -ဖြေဆိုရမည့်နေ့ရက် | - ၃၀-၅-၂၀၁၃ရက်(ကြာသပတေးနေ့) |
| -ဖြေဆိုရမည့်နေရာ | - လွှတ်တော်ဝင်း(“ဝ”ဘုရားအနီး အမှတ် ၁ ဂိတ်မှဝင်ရန်) |
| -ဖြေဆိုရမည့်အချိန်/ဘာသာရပ်- | နံနက် ၀၉း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ(မြန်မာစာ) |
| | နံနက် ၁၀း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ(အင်္ဂလိပ်စာ) |
| | နံနက် ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ(အထွေထွေဗဟုသုတ) |

၄။ အသေးစိတ်သိရှိလိုပါက လွှတ်တော်ရုံး၊ စီမံရေးရာဌာန ဖုန်း-၀၆၇-၄၀၉၄၃၃ နှင့် ၀၆၇- ၄၀၉၄၃၁ တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (လူတွေ့ဖြေဆိုခွင့်ရရှိသည့်စာရင်းကို ထပ်မံကြေညာပါမည်။)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

ပြည်တွင်းသတင်း

# ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး ဇလွန်သီလရှင်စာသင်တိုက်၊ မြိုင်သီလရှင်သင်ပညာရေးကျောင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ လှူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့ကို ကြည့်ရှုလေ့လာ

ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စစ် အာကီအာဘေး ရွှေပြည်သာမြို့နယ်ရှိ မြိုင်သီလရှင်သင် ပညာရေးကျောင်း၌ ကလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)



**နေပြည်တော် မေ ၂၅**

ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စစ် အာကီအာဘေးသည် ယနေ့ နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ ဇလွန်သီလရှင်စာသင်တိုက်သို့ ရောက်ရှိပြီး ဂျပန်နိုင်ငံမှ အလှူရှင်နှစ်ဦးတို့အား သီလရှင်စာသင်တိုက်မှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဇလွန်သီလရှင်စာသင်တိုက်မှ ကျောင်းအုပ်ဆရာကြီး ဒေါ်ဧသီဂီက ဇလွန်သီလရှင်စာသင်တိုက်၌ သုံးထပ်ဆောင်တစ်လုံး ဆောက်လုပ်လှူဒါန်းခဲ့သည့် ဂျပန်နိုင်ငံမှ အလှူရှင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် အလှူရှင်များက သုံးထပ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂျပန်ဝန်ကြီးချုပ်၏ဇနီးက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားကာ သီလရှင်စာသင်တိုက် ကျောင်းအုပ်ဆရာကြီးအား လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ပန်နဆိုးနစ်ကုမ္ပဏီမှ လှူဒါန်းသောဗလာစာအုပ်များကို ဝန်ကြီးချုပ်၏ဇနီး မစ္စစ်အာကီအာဘေးက ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်လှူဒါန်းသည်။

**ပညာသင်ကြားလျက်ရှိ**

အဆိုပါ ဇလွန်သီလရှင် စာသင်တိုက်အတွင်း ဇလွန်သီလရှင်သင် မူလတန်းလွန်ကျောင်း၊ ကုန်းတလပေါင် စံပြကျေးရွာ(မြောက်)ကို ဖွင့်လှစ်ထားပြီး မူလတန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၆၃၈ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ မြိုင်သီလရှင်သင် ပညာရေးကျောင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ၂၀၁၀ ခုနှစ်က ၄င်းတို့မိသားစုလှူဒါန်းခဲ့သည့် နှစ်ထပ်စာသင်ကျောင်းဆောင်ကို လှည့်လည်ကြည့်ရှုကြရာ မြိုင်သီလရှင်သင် ပညာရေးကျောင်းတာဝန်ခံဆရာကြီး ဒေါ်သုနန္ဒာက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဂျပန်ဝန်ကြီးချုပ်၏ဇနီးသည် ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းသီလရှင်သင် ပညာရေးကျောင်းတွင် မူလတန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၆၅၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းသားများအနက် မိဘမဲ့ကလေး ၆၀ ပါဝင်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၈) ရပ်ကွက်ရှိ အိပ်မက်လှရထားလေး (Dream Train) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဂေဟာအား ဦးဆောင်ထူထောင်သူ ဆရာဝန်ကြီး၏ဇနီး ဒေါက်တာ ယူနာယိုရှီအိုကာနှင့်ဂေဟာနာယကအဖွဲ့ဝင် ဦးမြတ်သူတို့က ဂေဟာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဂေဟာအား ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဂျပန်နိုင်ငံအခြေစိုက် ဂျပန်နှလုံးသားအဖွဲ့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Hideto Yashioka နှင့် အလှူရှင်များ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပထမအဆင့် ပရဟိတဂေဟာအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း၊ ဂေဟာတွင် သူငယ်တန်းမှ ဒသမတန်းအထိ တက်ရောက်နေသည့် ကျောင်းသား ၈၀၊ ကျောင်းသူ ၇၆ ဦး စုစုပေါင်း ၁၅၆ ဦးရှိကြောင်း သိရသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် ဂေဟာ၌ ဖွင့်လှစ်ထားသည့် ဆံပင်ညှပ်၊ အနိုပ်ပညာ၊ ကွန်ပျူတာ၊ လျှပ်စစ်ပြင်၊ သီချင်းဆို၊ ရေဆေးပန်းချီ၊ အခြေခံပန်းချီ၊ စက်ချုပ် စသည့်သင်တန်းခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

**❍ ရှေ့ဖုံးမှ**

ဒေါ်ခင်ဝင်းမော်နှင့် ကျောင်းသား၊ ကျောင်းသူလေးများက ဂျပန်-မြန်မာနှစ်နိုင်ငံ အလံငယ်များကို ဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ကျောင်းကို ယခုကဲ့သို့ တန်ဖိုးထားထိန်းသိမ်းတည်ဆောက် အသုံးပြုနေသည့်အတွက် အားရကျေနပ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ရာ ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ကျောင်းအတွက် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့က ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မြန်မာ့ရိုးရာ လွန်ဆွဲပြိုင်ပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အဆိုပါကျောင်းရှိ သံကူကွန်ကရစ် စာသင်ဆောင်တစ်လုံးကို ဂျပန်အထက်လွှတ်တော်အမတ်များနှင့် မိသားစုများက ဆောက်လုပ်လှူဒါန်းခဲ့ပြီး ၂၀၀၄ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် အခြားသံကူကွန်ကရစ် စာသင်ဆောင်တစ်လုံးကိုလည်း ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနအကူအညီဖြင့် ထပ်မံဆောက်လုပ်လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မေလအတွင်း ကျောင်းဆောင်သစ်တစ်လုံးကို ထပ်မံလှူဒါန်းသွားမည်ဟု ဂျပန်ဝန်ကြီးချုပ်က ပြောကြားသွားခဲ့ကြောင်းနှင့် လက်ယက်စမ်း မူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၈၉၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် သီလဝါ အထူးစီးပွားရေးဇုန်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်က သီလဝါ အထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် “သီလဝါ



ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်း အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အထူးစီးပွားရေးဇုန်ဖြစ်သကဲ့သို့ မြန်မာ-ဂျပန် အစိုးရချင်း၊ ပုဂ္ဂလိကချင်း နှစ်ဦးနှစ်ဖက်တို့အတွက် အလားအလာကောင်းမွန်သော စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် နည်းပညာများ၊ ရင်းနှီးမြှုပ်နှံမှုများကို ရရှိမည်ဖြစ်ပါကြောင်း။

လူမှုဘဝနှင့် ပတ်ဝန်းကျင် ထိခိုက်နစ်နာမှု ရှိမရှိ လေ့လာမှု (EIA)ဆောင်ရွက်မှုကိုလည်း ဩဂုတ်လတွင်ပြီးစီးရန် ခန့်မှန်းထားပါကြောင်း၊ စီမံကိန်းအတွင်း ပြောင်းရွှေ့ရေးများကို နိုင်ငံတကာအဆင့်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) အကူအညီဖြင့် ရေးဆွဲနေပါကြောင်း၊ အစိုးရနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းကလည်း စီမံကိန်း အောင်မြင်စေသည့်အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ဒေသခံများ၊ ပြည်သူများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် သုံးဦးသုံးဖလှယ် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း” ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဂျပန်နိုင်ငံ မစ်ဆူဘစ်ရှိ ကုမ္ပဏီဥက္ကဋ္ဌ Mr.Ken KOBAYASHI တို့သည် သီလဝါစီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရေး နှစ်ဖက်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

သီလဝါစီမံကိန်းကို မြန်မာနိုင်ငံမှ ကုမ္ပဏီကိုးခုနှင့် ဂျပန်နိုင်ငံမှ ကုမ္ပဏီသုံးခုဖြစ်သည့် Mitsubishi Corporation, MARUBENI Corporation နှင့် Sumitomo Corporation တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) အတွင်း ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ထားရှိမှုနှင့် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မွန်းလွဲ ၁ နာရီတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့အား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၅**

အိုလံပစ်နေ့ အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီမှစ၍ လည်းကောင်း၊ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီမှစ၍ လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး အလွတ်ကူး မီတာ ၁၅၀၀၊ ၈၀၀၊ ၄၀၀၊ ၂၀၀၊ ၁၀၀၊ ၅၀၊ လိပ်ပြာကူး မီတာ ၂၀၀၊ ၁၀၀၊ ၅၀၊ ပက်လက်ကူး မီတာ ၂၀၀၊ ၁၀၀၊ ၅၀ ၊ ရင်ပေါင်တန်းကူး မီတာ ၂၀၀၊ ၁၀၀၊ ၅၀နှင့် တစ်ဦးချင်းလေးမျိုးကူး မီတာ ၄၀၀၊ ၂၀၀ ပြိုင်ပွဲများ ကျင်းပသွားမည် ဖြစ်ပါ၍ ပြိုင်ပွဲဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ဦးဝိစာရ လမ်း အမျိုးသားရေကူးကန်အုပ်ချုပ်ရေးမှူး ဖုန်း ၀၁-၃၇၈၅၅၀ သို့ ဇွန် ၁၀ ရက်နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

# မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလား အမှတ်ပေးဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်

**ရန်ကုန် မေ ၂၅**

၂၀၁၃ ခုနှစ် (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလား အမှတ်ပေးဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအပြီး အကောင်းဆုံး အားကစားသမားဆုရသူများနှင့် ဒုတိယ၊ တတိယဆုရ အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပထမဆုရ ကာကွယ်ရေးအသင်းအား ငွေသားဆု ကျပ်ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကို လာရောက်ဖူးမြော်ကြည်ညိုကြသူတို့၏ ကြည်နူးပီတိများ

အောင်နိုင်(သတင်းစဉ်)

နေပြည်တော်၌ တည်ထားကိုးကွယ်တော်မူသည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ယမန်နေ့က ရွှေထီးတော်တင်လှူခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းမှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်ပရိသတ်များ စည်ကားများပြားစွာ စုဝေးရောက်ရှိလာကြသည်ကို တွေ့မြင်ရသည်။ ကိုယ်ပိုင်မော်တော်ယာဉ်များ၊ သာသနာ့အောင်လံ တပ်ဆင်ထားသည့် စင်းလုံးငှား မော်တော်ယာဉ်များနှင့် သုံးဘီးယာဉ်များ၊ မော်တော်ဆိုင်ကယ်များက စေတီတော်ပရိဝုဏ် ဥပစာရှိ ယာဉ်ရပ်နားရန် သတ်မှတ်ထားသည့်နေရာများတွင် နေရာလွတ်မရှိအောင် ပြည့်ကျပ်နေသည်ကို မြင်တွေ့ရသည်။

စေတီတော်ပရိဝုဏ်အတွင်းသို့ ရောက်သည်နှင့် မြတ်ဗုဒ္ဓ၏ သတ္တဌာန ခုနစ်နေရာစလုံးတွင် ဖူးမြော်ကြည်ညိုနေကြသည့် ဘုရားဖူးပရိသတ်များစွာကို သတိပြုမိသည်။ အချို့က အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးလျက်ရှိနေကြသည်။ အားလုံး၏မျက်နှာထက်တွင် တူညီမှုရှိနေသည့် အရိပ်သင်္ကေတန်တစ်ခုကို မှတ်မှတ်ထင်ထင် သတိထားမိလိုက်သည်။ ဝမ်းမြောက်ပျော်ရွှင်ကြည်နူးနေကြသည့် သိင်္ဂါရဆန်သော အပြုံးများ။ မှန်ပါလိမ့်မည်။ သူတို့အားလုံး ဝမ်းမြောက်ပျော်ရွှင်နေကြခြင်းပင်။

ရှေးဦးစွာ စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြတ်ဗုဒ္ဓ၏မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြခန်းကို စိတ်ဝင်တစား ဝင်ရောက်လေ့လာကြည့်ရှုနေကြသော ဘုရားဖူးပရိသတ်များအကြားမှ ပရိသတ်တစ်ဦးကို တွေ့ဆုံမေးမြန်းဖြစ်သည်။

"အဒေါ်နာမည် ဒေါ်စန်းရင်ပါ။ ရှမ်းပြည်တောင်ပိုင်းက လာတာ။ နေတာက ကုန်းနီကျေးရွာပေါ့။ အဒေါ်တို့အဖွဲ့မှာ ဘုရားဖူးလာသူ စုစုပေါင်း ၃၀ ကျော်ပါတယ်။ နေပြည်တော်ကို ပထမဦးဆုံး ရောက်တာပါ။ အခု ဒီသတ္တသတ္တာဟ စေတီတော်ကိုဖူးမြော်ရတော့ အလွန်ကြည်နူးရတယ်။ စိတ်ချမ်းသာပျော်ရွှင်ပြီး ကျေနပ်မိပါတယ်"

အလားတူ FMI မှ Transport Manager ဦးထွန်းမြင့်က "ကျွန်တော် ဗုဒ္ဓဂယာကိုရောက်ဖူးတယ်။ အခုဒီစေတီတော်ကို ရောက်လာပြီး ဖူးတဲ့အခါနောက်ထပ်တစ်ခေါက် ဗုဒ္ဓဂယာကို ထပ်ဖူးရသလို ခံစားရပါတယ်။ တော်တော်လေးတူတာကို သတိထားမိတယ်။ ပုံစံတူတည်ဆောက်ထားတာလို့လည်း သိရတယ်။ အိန္ဒိယက ဗုဒ္ဓဂယာနဲ့ထပ်တူစကေးကိုက် တည်



"ဒီလို ဆိတ်ငြိမ်တဲ့ နေရာမျိုးမှာ လာတည်ထားတဲ့ အခါမှာ တကယ့်ကို ဘုရားပွင့်တော်မူရာ နေရာကို ရောက်ရှိနေသလို ခံစားရပြီးကျေနပ်မိတယ်"

ဦးပဉ္စင်း ဦးနန္ဒ။

ဆောက်ထားတာဆိုတော့ ဒုတိယအကြိမ် ဗုဒ္ဓဂယာကို ပြန်လည်ဖူးရသလို ခံစားရတာအမှန်ပဲ။ အားလုံးပြည့်ပြည့်စုံစုံနဲ့ အဆင်ပြေပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု စေတီတော်ကို ဖူးမြော်ပြီး ပြောပြခဲ့သည်။



FMI မှ Transport Manager ဦးထွန်းမြင့်။

ထပ်မံ၍ မုစလိန္ဒာရေအိုင်နှင့် နဂါးရုံဘုရားရှိရာ ကန်ပတ်လမ်းအနီးတွင် သံဃာတော်တစ်ပါးနှင့် မျက်နှာချင်းဆိုင်ဆုံ၍ မေးမြန်းခဲ့ရာ "ဦးပဉ္စင်း ဘွဲ့အမည်က ဦးနန္ဒပါ၊ တွံတေးမြို့က လာတာပါ။ ဗုဒ္ဓဂယာရှိတဲ့ အိန္ဒိယကို ရောက်ဖို့ဆိုတာ တကယ်တမ်းတော့ မလွယ်လှဘူး။ အခု မဟာဗောဓိစေတီတော်ကို လာဖူးရတော့ ဦးပဉ္စင်းတို့စိတ်ထဲမှာ အိန္ဒိယနိုင်ငံကို တကယ်ရောက်သွားသလိုခံစားရတယ်။ ဝမ်းသာပါတယ်။ နေပြည်တော်ကို အလည်အပတ်လာရင်းနဲ့ အသိတစ်ယောက်က သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ရွှေထီးတော်တင်ပြီးပြီလို့ပြောပြလို့ လာဖူးကြတာပါ။ ဒီလိုဆိတ်ငြိမ်တဲ့နေရာမျိုးမှာ လာတည်ထားတဲ့အခါမှာ တကယ့်ကို ဘုရားပွင့်တော်မူရာနေရာကို ရောက်ရှိနေသလို ခံစားရပြီး ကျေနပ်မိတယ်။ ရဟန်းသံဃာတွေသာမက လူပုဂ္ဂိုလ်တွေအကုန်လုံး မြတ်စွာဘုရားရှင်ရဲ့ သံဝေဇနိယလေးဌာနကို မရောက်ဖူးတဲ့သူလည်းရောက်၊ ရောက်ဖူးတဲ့သူလည်း ထပ်မံရောက်ကြတာဖြစ်လို့ သတိသံဝေဂလေးတွေ ရရှိနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်"ဟု မိန့်တော်မူခဲ့သည်။

ထို့နောက် အဇပါလသတ္တဌာန၊ အဇပါလညောင်ပင်အနီး၌ မိသားစုလိုက် လာရောက်ဖူးမြော်ကြည်ညိုကြသူများအား သတိပြုမိသည့်အတွက် သွားရောက်မိတ်ဆက်မေးမြန်းဖြစ်သည်။

"ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီမြို့နယ်ခွဲက လာတာပါ။ ကျွန်တော့် နာမည်က ဦးတင်သန်းပါခင်ဗျ။ဒါက ကျွန်တော့်မိသားစုတွေပါ။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့တွေ စုပြီးလာကြတာ။ အလွန်သပ္ပာယ်ကြည်ညိုဖွယ်ရာကောင်းတဲ့ စေတီတော်မြတ်ကြီးပါပဲ။ ရခိုင်ပြည်နယ် ပြန်ရောက်ရင် မဖူးမြော်ရသေးတဲ့သူတွေကိုလည်း ပြန်ပြောပြရင်း ကုသိုလ်ယူရဦးမယ်"။

အနိမိသသတ္တာဟ၊ အနိမိသစေတီတော်အနီး အရောက်တွင် စေတီတော်ရင်ပြင်ပေါ်မှ လှေကားထစ်လေးများအတိုင်း ပြေးဆင်းလာနေသည့် ကိုရင်ငယ်လေးများကို လှမ်းတွေ့လိုက်ရ၏။ စုစုပေါင်း တစ်ဆယ့်တစ်ပါးတိတိ။ ကိုယ်ရင်ငယ်လေးတစ်ပါးက သွက်လက်စွာဖြင့် မေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

"ကိုရင်ဘွဲ့အမည်က ရှင်ဝိသုတပါ။ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းကလာတာ၊ ဒီစေတီတော်မြတ်ကြီးကို လာဖူးမြော်ရတာ ကြည်နူးတယ်"။

ဆက်လက်၍ ရာဇာယတနသတ္တာဟ၊ လင်းလွန်ပင်အနီး၌ ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးပရိသတ်များနှင့် တွေ့ဆုံမေးမြန်းဖြစ်ရာ "အမေတို့က မင်္ဂလာဒုံ၊ ထောက်ကြန့်ဘက်က ရွှေနံ့သာစံပြကျေးရွာက လာတာပါ။ အမေ့နာမည်က ဒေါ်လုံး. .။ အမေတို့က အဖိတ်နေ့ ဒီလ ၁၄ ရက်နေ့ကတည်းက စေတီတော်ကြီး ရွှေထီးတော်တင်တော့မယ်ဆိုတာ ကြားသိထားတာလေ။ အခု. . ဘုရားဖူးလာတာက လူ၃၀ လောက်စုပြီး လာကြတာ။ အလွန်စိတ်ချမ်းသာကြည်နူးမိတယ်။ စေတီတော်ကြီးကို ဖူးမြော်ချင်စိတ်သက်သက်နဲ့ သီးသန့်လာကြတာလေ။ ကားခတင်တစ်ယောက်ကို ငွေကျပ် ၁၃၀၀၀ လောက် ကုန်ကျပေမယ့် တော်တော်ကို တန်သွားပြီလို့ယူဆပြီး အားလုံးက ပျော်ရွှင်ကျေနပ်နေကြတာ" ဟု လှိုက်လှဲဝမ်းသာသည့် အသံများဖြင့် စုဖွဲ့ဖြေကြားပေးသွားကြသည်။



မင်္ဂလာဒုံ၊ ထောက်ကြန့် ရွှေနံ့သာစံပြ ကျေးရွာမှ ဒေါ်လုံး။

ရတနာစင်္ကြံ (စင်္ကမသတ္တာဟ) ပလ္လင်္ကသတ္တာဟ၊ အပရာဇိတပလ္လင်တော်အနီးတွင်လည်း ဘုရားဖူးလာဧည့်ပရိသတ်များစုဝေးကာ မြတ်ဗုဒ္ဓ၏ သတ္တဌာနဆိုင်ရာ ဗဟုသုတများနှင့် စပ်လျဉ်း၍ ရှင်းလင်းရေးသားဖော်ပြထားသည့် စာတမ်းများကို ဖတ်ရှုလေ့လာနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

"နေရာကဝေးပေမယ့် ဘုရားဖူးကားတွေနဲ့ စုဖွဲ့လာတယ်ဆိုတော့ မြင်တဲ့အတိုင်းပဲ. . လူဦးရေ လေးရာ၊ ငါးရာလောက်တော့ ရှိနေတယ်။ မနေ့ညကဆို သာသနာ့ဗိမာန်တော်မှာ တရားပွဲရှိတော့ လူတွေကိုကြိတ်ကြိတ်တိုးစည်နေတာပဲ. .။ ဒီညလည်း တရားပွဲရှိသေးတယ်ဆိုတော့ ထပ်စည်ကားဦးမှာ။ လူစည်ကားတော့ ဈေးရောင်းကောင်းတာပေါ့။ ကျွန်မတို့အတွက်ကတော့ "ကုသိုလ်လည်းရ ဝမ်းလည်းဝ"လို့ ပြောရမလားဘဲ။ ဈေးလည်းရောင်းရတယ်။ ဘုရားလည်း အချိန်ပြည့်ဖူးရတဲ့အပြင် ညဘက်ရောက်ရင် တရားလည်း နာရဦးမယ်"ဟု စေတီတော်ပရိဝုဏ် ဥပစာရှေ့တွင် သရက်ချဉ်ပေါင်းနှင့် ပြောင်းဖူးပြုတ်ရောင်းသူ မမေသက်က ပြောပြသည်။

အိန္ဒိယနိုင်ငံ ဂယာမြို့တွင် တည်ရှိသည့် ဗုဒ္ဓဂယာသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်မဖူးမြော်ရတုံငြား မိမိနိုင်ငံအတွင်း၌ မူလဗုဒ္ဓဂယာကို ဖူးမြော်ကြည်ညိုနိုင်သကဲ့သို့ ထင်မြင်ခံစား ကုသိုလ်ပွားများနိုင်စေရန်အတွက် ရပ်နီးရပ်ဝေးမှ သဒ္ဒါကြည်ဖြူ စိတ်တူညီသည့် သူတော်စင်အပေါင်းသူတော်ကောင်းတို့အား သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးထံ လာရောက်ဦးတိုက် ဖူးမြော်ကြည်ညို နိုင်ပါစေရန် ရည်သန်ရေးသား ဖော်ပြအပ်ပါသည်။



ဘုရားဖူးဧည့်သည်တော်များ စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြခန်းအား စိတ်ဝင်စားစွာ ကြည့်ရှုနေကြစဉ်။

## သတ္တသတ္တာဟ လမ်းမနိဗ္ဗာန်သို့

❁ မဇ္ဈိမဒေသ
ဗုဒ္ဓဂယာ၊ မြေမဟာတွင်
သစ္စာလေးဆူ၊ ပွင့်တော်မူသည့်
သုံးလူ့ထွတ်ထား ၊ ဗုဒ္ဓဘုရား၏
စံစားတော်မူရာ -
"သတ္တဌာန၊ သတ္တာဟ"သို့
ဥဒယရံသီ၊ ကုန်းမြေညီက
"ညီတူထပ်မျှ၊ သတ္တာဟ"နှင့်
" မဟာဗောဓိစေတီ၊ ရတနာ့ဂုဏ်ရည်" ကို
ကြည်ညိုကော်ရော်၊ ရှိပူဇော်သည်
မျှော်ရည်နိဗ္ဗာန်နန်းဆီသို့ . . . . . ။

❁ " ရွှေပလ္လင် သတ္တာဟ" မှ
ဗုဒ္ဓရှင်နှင့်၊ ဂုဏ်ရည်တင့်သည့်
စိမ်းရင့်ညိုလွင်၊ ဗောဓိပင် ကို
ရွှေစင်ရေကောင်း ၊ ညောင်ရေလောင်း၍
သွန်းလောင်းခါတည့်
စိတ်အသိသည်-
ဗောဓိထံပါး ၊ ဉာဏ်ဝင်စားသည့်
ဘုရားရှင်ကို ဖူးရသို့ . . . . . ။

❁ အပရာဇိတ ၊ ပလ္လင်မ နှင့်
မဟာဗောဓိ ၊ တုမရှိ ကို
မျက်စိမမှိန်း ၊ စိန်းစိန်းရှုကြည့်
"အနိမိသ သတ္တာဟ" တွင်
အဗ္ဘုတရသ ၊ အံ့ခြင်းအမျှဖြင့်
ရင်ဝပြည့်လျှံ ခဲ့သည်သို့ . . . . . ။

❁ ခုနစ်ရက်ကြာမျှ
လူးလာတုံ့ခေါက်၊ စင်္ကြံလျှောက်ရာ
"ရတနာစင်္ကမ သတ္တာဟ"၏
ရွှန်းပလှတင့်၊ ဆယ့်ကိုးပွင့်ကြာ
ဦးခိုက်ပါသော်-
ခြေရာတော်များ ၊ ဦးထိပ်ဖျား၌
ထင်းမှားရောင်ထွန်း ၊ ပန်းကြာဝန်းဖြင့်
မော်ကွန်းတံဆိပ် နှိပ်ဘိသို့ . . . . . .။

❁ ပဋ္ဌာန်းဒေသနာ၊ ဆင်ခြင်ရာတည့်
"ရတနာဃရ သတ္တာဟ" ရှေ့
ဖူးတွေ့မိလျှင်
မျက်ဝန်းတွင်မူ-
ခြောက်ဆူရောင်ခြည် ၊ ကွန့်မြူးသည်သို့
မှတ်ရည်ထင်မိ ၊ မြတ်ပီတိဖြင့်
ဆီထိဂွမ်းတို့ အိသည်သို့ . . . . . ။

❁ ဆိတ်ကျောင်းသားတို့
နားခိုကြရာ ၊ ညောင်ရိပ်သာတည့်
"အဇပါလ သတ္တာဟ" တွင်
ညောင်ညိုပင်ကို -
ရေစင်သွန်းခိုက်၊ နားစိုက်မိလျှင်
ဘုရားရှင်၏
ကြည်လင်ပြတ်သား ၊ ဟောဖော်ကြားသည့်
မြတ်တရားသံ၊ ကြားမိဟန်တည့်
အောင်သံစည်ကြီးတီးသည်သို့ . . . . . . ။

❁ အာကာထန်ပြင်း ၊ နဂါးမင်း၏
ပါးပျဉ်းဖြန့်ကြက် ၊ ခုနစ်ခွေထက်ဝယ်
မင်္ဂဖိုလ်ချမ်းသာ ၊ ခံစားပါသော
မြတ်ရှင်စောကို-
ရှိသေတုပ်ကွ၊ ဦးနှိမ်ချသည့်
"မုစလိန္ဒ သတ္တာဟ" တွင်မူ
သက်ရှိထင်ရှား၊ မြတ်ဘုရားကို
မှန်သားပေါ်တွင် မြင်မိသို့ . . . . . ။

❁ ဥက္ကလာပ၊ ဇနပဒ မှ
တပုဿနှင့် ၊ ဘလ္လိကညီနောင်
ဆံတော်ဆောင်ရာ
"ရာဇာယတန သတ္တာဟ"တွင်
လင်းလွန်းပင်ကို-
ရေစင်ရေအေး ၊ ရေသွန်းဆေးသော်
လေးဆူဓာတ်ပုံ ၊ မြတ်ရွှေတိဂုံကို
ကြည်ညိုခဲ့ကြ
ဥက္ကလာပတည့် ၊ မင်း မိဖုရား
မြန်ပြည်သားတို့
အားရရွှင်လန်း ၊ ပီတိပန်းကို
မြန်းဆင်ရသည်သို့ ခံစားလို့ . . . . . ။

❁ မြတ်ဗုဒ္ဓ၏
သမီးလှနှင့် သားလှရတနာ
မြတ်စွာရှင်လူအပေါင်း၊ သူတော်ကောင်းတို့. . .
ဗုဒ္ဓ ဓမ္မ ၊ သံဃ သန္တ
ရသပီတိ ၊ ရွှမ်းအိဝန်းစု
"ဥဒယ ရံသီ ကုန်းမြေညီ" မှ
"သတ္တ သတ္တာဟ သည်ဌာန" သို့
သွားရောက် ဖူးမြော်ကြပါစို့ ။
တရားစခန်းတွင် ၊ ဘာဝနာညဉ်ဖြင့်
ချည်ခင်ရှုပ်ထွေး ရှင်းကြစို့ ။
သံသရာကိုဖြတ် ၊ တစ်ခန်းရပ်လို့
မြတ်သော နိဗ္ဗာန်သို့ သွားကြစို့ ။ ။

ဆွေယင်းမာ(ရန်ကုန်တက္ကသိုလ်)

နေပြည်တော် ပုဗ္ဗသီရိမြို့ ဥဒယရံသီ ကုန်းတော်ပြင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သတ္တဌာနအား ဤလင်္ကာဖြင့် ပူဇော်ဦးခိုက်အပ်ပါသည်။

## အလယ်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေ ဆက်လက်ဖြစ်ပေါ်

ရန်ကုန် မေ ၂၅

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ရွှေကျင်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ မဒေါက်မြို့တွင် ၄ ဒသမ ၁၇ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ကသာမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ကန့်ဘလူမြို့တွင် ၁ ဒသမ ၆၆ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

ပြည်တွင်းသတင်း

# ရန်ကုန် – မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ ခရီးသည်တင် မန်းရွှေမြို့တော် မှန်လုံအမြန်ယာဉ် တိမ်းမှောက်

သတင်း – ဖြူးမြင့်ဦး
ဓာတ်ပုံ – သူရ(တောင်ငူ)

**ဖြူး မေ ၂၅**

ရန်ကုန်-မန္တလေး အမြန်လမ်း အုတ်တွင်းမြို့နယ် နတ်ရေတွင်းတံတား အနီး မိုင်တိုင်အမှတ် ၁၂၅ မိုင် ၄ ဖာလုံတွင် မေ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်က မော်လမြိုင်မှတစ်ဆင့် ရန်ကုန်မှခရီးသည်များ တင်ဆောင် မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ် ၆ဃ/. . . သည် ရှေ့ဘီးပေါက်၍ တိမ်းမှောက်သွားရာ ယာဉ်မောင်းအပါအဝင် ခရီးသည် ကျား၊ မ ၁၁ဦး သေဆုံးသွားသည်။


တိမ်းမှောက်ပျက်စီးသွားသော ခရီးသည်တင်ယာဉ်ကို ပြန်လည်ဆယ်တင်ပြီးနောက် တွေ့ရစဉ်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ မေ ၂၄ ရက် ည ၈ နာရီခွဲက ထွက်ခွာလာသော မန်းရွှေမြို့တော် မှန်လုံ အမြန်ယာဉ်သည် ၁၂၅/၃ မှ ၁၂၅/၄ အကြား ကိုးခွကျေးရွာအနီးတွင် ကားရှေ့ဘီးပေါက်ပြီး တံတားနှစ်စင်း ကြားရှိ လမ်းလယ်ကွန်ကရစ်တုံးများကို တိုက်မိပြီး တံတားအမှတ် (၁၂၆/၀) ဘေးမှ ကာရံထားသည့် လက်တန်းများ ကို ဝင်တိုက်မိကာ ချောင်းအတွင်း ထိုးဆင်းသွားခဲ့ကြောင်း၊ ထိုသို့ ထိုး ဆင်းကျရာတွင် ယာဉ်၏ သုံးပုံတစ်ပုံ သာတံတားအပေါ်ဘက်တွင် တင်ကျန် နေပြီး ကျန်သုံးပုံ နှစ်ပုံမှာ တံတား အောက်သို့ ခါးကျိုးကျသွားသည့် အနေအထား ဖြစ်သွားခဲ့သည်။

အဆိုပါ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ညွှန့်ဝေ (စုံစမ်းဆဲ)နှင့် ယာဉ်နောက်လိုက် မင်းမင်း (၃၀နှစ်) (ဘ)ဦးအောင်လွန်းမှာ ဦးခေါင်းနှင့် ညှပ်ရိုးကျိုးဒဏ်ရာများ ရရှိကြောင်း သိရပြီး ကားပေါ်တွင် လိုက်ပါလာ သော ခရီးသည် ၂၇ဦးအနက် အခင်း ဖြစ်နေရာတွင် သံဃာတစ်ပါး၊ အမျိုး သား လေးဦး၊ အမျိုးသမီး ငါးဦးတို့ သေဆုံးခဲ့ပြီး ဒဏ်ရာရသူများနှင့် သေဆုံးသူများကို တောင်ငူမြို့ ပြဟ္မစိုရ်လူမှုကူညီရေး အသင်းမှ ကားနှစ်စီး၊ အမြန်လမ်းကြက်ခြေနီ အသင်းမှကားနှစ်စီးနှင့် ဖြူးမြို့နာရေး ကူညီမှုအသင်းမှ ကားနှစ်စီးတို့ဖြင့် ဖြူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ပေးခဲ့ကြသည်။ ဒဏ်ရာရရှိသူများ အနက်မှ မောင်ဆူးနီး (၁၈နှစ်) (ဘ) ဦးဗူဘာဂီရိ၊ ကျောက်မဲမြို့မှာ ဆေးရုံ တင်ပို့ထားစဉ် သေဆုံးသွားခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ၁၁ ဦးဖြစ် ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ပြည်ပလူနာ တစ်ဦးတည်းသာပါရှိရာ ၎င်းမှာ အသက် ၃၁ နှစ်ခန့်ရှိ အမေရိကန်နိုင်ငံသား Glenn Washburn ဖြစ်ပြီး ၎င်း၏ ဝဲတံတောင်ဆစ် ပေါက်ပြဲဒဏ်ရာ၊ ဝဲညှပ်ရိုး နာကျင်ဒဏ်ရာရရှိသဖြင့် အမြန်လမ်းဆောက်လုပ်ရေး ပြုပြင် ထိန်းသိမ်းရေးအဖွဲ့က ရန်ကုန်မြို့ အရိုးကုဆေးရုံသို့ မော်တော်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးကြောင်း သိရ သည်။

**စုံစမ်းလျက်ရှိ**

အခင်းဖြစ်ပွားရာသို့ အမြန်လမ်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေဝင်းနှင့် တပ်ဖွဲ့ဝင်များသည် နံနက် ၉နာရီခန့်တွင် လည်းကောင်း၊ ဖြူးအမြန်လမ်းရဲစခန်း မှ ရဲအုပ်ဝင်းထွန်းအောင် ဦးစီး(၁၁) ဦး၊ မြို့ချောင်းအမြန်လမ်း ရဲစခန်းမှ ရဲအုပ်ငွေးအောင် ဦးစီး (၁၀)ဦး၊ သာဂရရဲစခန်းမှ ဒုရဲမှူးဗညားအောင် ဦးစီး(၁၀)ဦးတို့သည် နံနက် ၇နာရီခွဲ ခန့်တွင်လည်းကောင်း ရောက်ရှိကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၊ လူမှုရေး ကူညီမှု လုပ်ငန်းများ၊ သေဆုံး/ဒဏ်ရာ ရ လူနာပို့ဆောင်မှုများ၊ ခရီးသည်များ ၏ ပစ္စည်းများနှင့် ရွှေငွေများအား မှတ်တမ်းဓာတ်ပုံ ရိုက်ယူသိမ်းဆည်း ခြင်းများကို ဝိုင်းဝန်းကူညီဆောင်ရွက် ခဲ့ကြကြောင်း၊ သေဆုံးသူများ၏ အမည်၊ အသက်၊ နေရပ်လိပ်စာ သိရှိ ရေးစုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

## သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်း များနှင့်မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့် အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များ သည်လည်း ရာသီဥတုကြောင့် လည်းကောင်း၊ မတော်တဆမှုကြောင့် လည်း ကောင်း တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) များ ဆောင်ထားကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

## တစ်ခေတ်ပြန်ထလာသော တရားမဝင်နွားသယ်ဆောင်မှုများ

**သုံးခွ မေ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့အတွင်း ဆက်စပ်ကျေးရွာများမှ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုသော ခိုင်းနွားများ ကို ဝယ်ယူနိုင်ရန် နွားကုန်သည်များက နွားဝယ်ယူပေးသည့် နွားပွဲစားများထား ကာ ယင်းမြို့နယ်နှစ်မြို့နယ်အတွင်းမှ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းနွားများကို ဈေးကြီးပေး၍ဝယ်ယူပြီး မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းမှ နွားကုန် သည်များနှင့် ဆက်သွယ်ကာ မွန်ပြည်နယ်တွင် အသုံးပြုသော ဒုံးစက်လှေဖြင့် သုံးခွမြို့နယ် သာဂရကျေးရွာမြောက်ဘက် မြစ်ကျိုးတဲအိမ်စု-အုန်းပင်စုတွင် ဝယ်ယူထားသော နွားများကို စုရပ်ထားကာ မွန်ပြည်နယ် မော်လမြိုင်ဘက်မှ လာသော စက်လှေဖြင့် တစ်ပတ်တစ်ခေါက်ထွက်နေပြီး တစ်ခေါက်လျှင် ဒုံးစက် လှေအရွယ် အစားပေါ်လိုက်၍ နွားကောင်ရေ ၃၀ မှ ၆၀ အထိ တင်ဆောင်နေ သည်ကို စုံစမ်းသိရှိရပြီး ဖော်ပြပါဆက်စပ်ကျေးရွာ မြောက်ဘက်ကမ်းခြေမှ မော်လမြိုင်မြို့ ကျိုက္ခမီသို့ ခြောက်နာရီသာ မောင်းနှင်ရကြောင်း သိရသည်။

စိုက်ပျိုးရေးရာသီတွင် ခိုင်းနွားများမရှိပါက စိုက်ပျိုးရေးလုပ်ငန်းများ များစွာထိခိုက်မှုဖြစ်ပေါ်လာနိုင်သဖြင့် လယ်ယာလုပ်ငန်းခွင်တွင် အန္တရာယ်မဖြစ် စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်မီထိန်းသိမ်းပေးပါရန် ဒေသခံ များက လိုလားလျက်ရှိကြောင်း သိရသည်။

**တံတားကျော်လွင်**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**




ပြည်တွင်းသတင်း



# ရန်ကုန်အိုင်စီတီပြပွဲစည်ကားစွာကျင်းပ

**ရန်ကုန် မေ ၂၅**

ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၃ခုနှစ်အတွင်း ဒုတိယအကြိမ် ရန်ကုန်အိုင်စီတီပြပွဲဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်က တပ်မတော်ခန်းမ၌ ကျင်းပသည်။

မိုဘိုင်းနှင့်အိုင်တီကဏ္ဍကို စိတ်ဝင်စားသည့် ပြည်သူများက ကွန်ပျူတာပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်း၊ အပိုပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ Mobile နည်းပညာနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာဆော့ဖ်ဝဲနည်းပညာများကို တစ်နေရာတည်းတွင်ကြည့်ရှုလေ့လာနိုင်ရန် ခင်းကျင်းပြသထားကြောင်း သိရသည်။

နည်းပညာခေတ်တွင် လူတို့၏ နေထိုင်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေး၊ ဖျော်ဖြေရေးတို့ကို အိုင်စီတီနည်းပညာဖြင့် ဖန်တီးလွှမ်းမိုးထားလျက်ရှိပြီး အိုင်စီတီနည်းပညာကို ပညာရေး၊စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် အကျိုးရှိရှိ အသုံးပြုနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ယခုကဲ့သို့ အိုင်စီတီပြပွဲများကို ပြသနိုင်အောင် ကူညီအားပေးရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌက ပြောကြားသည်။

ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်၍ ပြပွဲကိုဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(ဝဲပုံ)**

ရန်ကုန်အိုင်စီတီပြပွဲတွင် ကုမ္ပဏီ ၅၇ခုတို့မှ ပြခန်းပေါင်း ၁၆၀ ပါဝင်ပြီး မေ ၂၆ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

# မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ မော်တော်ယာဉ်လှူဒါန်း

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ လုပ်ဆောင်ရာ၌သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် Elite Tech Group of Companies က TOYOTA HIACE SUPER CUSTOM မော်တော်ယာဉ် တစ်စီးကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ ချုပ်သို့ ထောက်ပံ့ကူညီခဲ့သည်။

မော်တော်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်တည်းကုန်း၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအောင်ကြည်၊ ဦးမင်းသိန်း၊ ဦးဇော်မင်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် အမှုဆောင်များ၊ Elite Tech Group of Companies မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

Elite Tech Group of Companies, CEO ဦးချမ်းငြိမ်းဇော်က ယင်းမော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းက လက်ခံယူခဲ့ကြောင်း သိရသည်။




**(အပေါ်ပုံ) (မြန်မာ့အလင်း)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

## ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ၁၆ ပဲရည်(အခေါက်ရွှေ) | တစ်ကျပ်သား | ၇၁၀၅၀၀ |
| ၁၅ ပဲရည် | တစ်ကျပ်သား | ၆၆၉၂၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

## နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၅၃ ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၂၀ ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၅၂ ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၆၅ ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆. ၆၆ ကျပ် |
| တရုတ် | တစ်ယွမ် | ၁၄၆ ကျပ် |
| မလေးရှား | ရင်းဂစ် | ၃၀၄ ကျပ် |

## စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၇၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၈၈၀ ကျပ် |

## သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၅၀၀ - ၆၀၀၀ ကျပ် |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၁၃၀၀ - ၃၀၀၀ ကျပ် |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၃၀၀၀ - ၆၅၀၀ ကျပ် |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၄၅၀၀ - ၉၀၀၀ ကျပ် |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀ - ၅၅၀၀ ကျပ် |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၆၀၀၀ -၂၈၀၀၀ ကျပ် |
| ၇။ | ကြက် | တစ်ပိဿာ | ၃၅၀၀ - ၉၀၀၀ ကျပ် |
| ၈။ | ဝက် | တစ်ပိဿာ | ၄၀၀၀ - ၈၀၀၀ ကျပ် |
| ၉။ | အမဲ | တစ်ပိဿာ | ၃၀၀၀ - ၇၀၀၀ ကျပ် |
| ၁၀။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀ -၁၅၀၀၀ ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

## ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၇၃၀၀ |
| ၂။ | ပေါ်ကွဲ | တစ်အိတ် | ၂၁၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၃၀၀၀-၂၉၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၄၈ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၄၁၅-၄၆၅ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၈၀၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၂၅၀ |
| ၉။ | အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၃၀-၆၅၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၁၇၀၀-၁၈၀၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၀၀-၁၀၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**



# နည်းပြသစ် မက်ဇာရီနဲ့ အင်တာမီလန်

နာပိုလီအသင်းနည်းပြ ဝေါ်လ်တာမက်ဇာရီကို အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ပေးအပ်လိုက်ပြီ ဖြစ်လို့ နှစ်နှစ်စာချုပ်နဲ့ ဝေါ်လ်တာမက်ဇာရီဟာ အင်တာမီလန်ရဲ့နည်းပြသစ်ဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။



အင်တာမီလန်နည်းပြ အက်တရာမက်စီရိုနီဟာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ အီတလီစီးရီးအေပွဲစဉ် နောက်ဆုံးငါးပွဲမှာ လေးပွဲရှုံးပြီး တန်းစီဇယားမှာ နဝမနေရာနဲ့ အဆုံးသတ်ခဲ့ရတာမို့ အင်တာမီလန်က ထုတ်ပယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ထုတ်ပယ်ခံရတဲ့ အသက် ၃၇ နှစ် အရွယ်ရှိတဲ့ မက်စီရိုနီဟာ အင်တာမီလန်အသင်းကို အတတ်နိုင်ဆုံး ကြိုးစားခဲ့ပေမယ့် ရှုံးပွဲတွေများပြီး လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ကိုတောင် မရနိုင်အောင် စွမ်းဆောင်ရည်နည်းပါးတယ်လို့ သုံးသပ်ပြီး အင်တာမီလန်အသင်း တာဝန်ရှိသူတွေက ထုတ်ပယ်ခဲ့ခြင်းဖြစ်ပါတယ်။

ယခုအင်တာမီလန်နည်းပြအဖြစ် တာဝန်ယူမယ့် အသက် ၅၁ နှစ်အရွယ်ရှိ မက်ဇာရီကတော့ မေ ၂၆ ရက်မှာ နာပိုလီအသင်းနည်းပြအဖြစ်က နှုတ်ထွက်မှာဖြစ်ပြီး အင်တာမီလန်အသင်းကို စတင်ကိုင်တွယ်ဖို့ စီစဉ်တော့မှာ ဖြစ်ပါတယ်။ မက်ဇာရီက နာပိုလီအသင်းကို ဘောလုံးရာသီ လေးရာသီကြာအောင် နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါတယ်။

နာပိုလီအသင်းဥက္ကဋ္ဌ ဒီလောရင့်စ်ကတော့ မက်ဇာရီနေရာမှာ ရာဖေးလ်ဘင်နီတက်ဇ်နဲ့ အစားထိုးမယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပြီး ဘင်နီတက်ဇ်ဟာ နာပိုလီအသင်းကို အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြားနေပါတယ်။

အင်တာမီလန်နည်းပြသစ်အဖြစ် တာဝန်ယူမယ့် ဝေါ်လ်တာမက်ဇာရီဟာ အီတလီနိုင်ငံသားဖြစ်ပြီး ငယ်စဉ်က နောက်တန်းခံစစ်မှူးတစ်ဦးအဖြစ် ဘောလုံးအသင်းပေါင်းစုံမှာ ကစားခဲ့ဖူးသူဖြစ်ပါတယ်။ ပက်စ်ကာရာ၊ ကာဂလီယာရီ၊ ရက်ဂျီနာ၊ ဖီအိုရင်တီးနား၊ အမ်ပိုလီ၊ လီကာတာ၊ မိုဒီနာ၊ နိုလာစတဲ့ ကလပ်အသင်းတွေမှာ ကစားခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ ဘောလုံးသမားအဖြစ် အဲဒီအသင်းတွေမှာ ပွဲပေါင်း ၂၄၄ ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၁၃ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ နောက်ခံကစားသမား တစ်ဦးလည်း ဖြစ်ပါတယ်။

ဝေါ်လ်တာမက်ဇာရီဟာ ၂၀၀၁-၂၀၀၂ ခုနှစ်မှာ စီးရီးစီ -၂အသင်းဖြစ်တဲ့ အေစီရီယာလီမှာ နည်းပြအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး စီးရီးစီ-၁ အသင်း ပီစတိုရီဆီမှာ ၂၀၀၂-၂၀၀၃ ခုနှစ်အထိ နည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့ပါတယ်။ အဲဒီနောက် လီဗော်နို၊ ရက်ဂျီနာ၊ ဆမ့်ဒိုးရီးယားနဲ့ နာပိုလီအသင်းတွေမှာ နည်းပြအဖြစ် တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။

နည်းပြဝေါ်လ်တာမက်ဇာရီရဲ့ အောင်မြင်မှုတွေကတော့ ဆမ်ဒိုးရီးယားအသင်းကို ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့ပေမယ့် ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရပါတယ်။

ဒါ့အပြင် နာပိုလီအသင်းကိုလည်း ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှာ ကိုပါအီတာလီယာဖလားရယူပေးနိုင်ခဲ့ပြီး အီတလီစီးရီးအေရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ဘောလုံးရာသီမှာ ဒုတိယနေရာရောက်တဲ့အထိ စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် အင်တာမီလန်နည်းပြသစ်ရဲ့စွမ်းရည်ကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက် ရေးသားသည်**

## နိုင်ငံတကာအားကစားသတင်း

### ဘလက်ဘန်းနည်းပြခန့်အပ်

ဘလက်ဘန်းအသင်းက အရန်နည်းပြဂါရီဘော်ယာကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်လိုက်သည်။ အသက် ၄၁ နှစ်ရှိ ဂါရီဘော်ယာသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ဘလက်ဘန်းအတွက် အရန်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဘော်ယာသည် အိဝုဒ်ပတ်နှင့် ၁၂ လ စာချုပ်ချုပ်ဆိုထားသည်။

### မန်ယူတိုက်စစ်မှူး ရွန်းနေ အသင်း၌ ဆက်ရှိနိုင်

တိုက်စစ်မှူးရွန်းနေသည် အိုးထရက်ဖို့ဒ်၌ ဆက်နေမည်ဟု ယုံကြည်မိကြောင်း ရာထူးမှနုတ်ထွက်တော့မည့် မန်ယူအမှုဆောင်အရာရှိ ဒေးဗစ်ဂီးလ်က ပြောသည်။ အသက် ၂၇ နှစ်ရှိ အင်္ဂလန်တိုက်စစ်မှူး ရွန်းနေသည် ယခုလ စောစောပိုင်းက မန်ယူမှထွက်ခွာရန် မေတ္တာရပ်ခံလာမှုအပေါ် ၎င်းကလပ်က ပယ်ချလိုက်သည်။ လာမည့်ရာသီတွင် တိုက်စစ်မှူးရွန်းနေဆက်လက်ကစားပေးလိမ့်မည်ဟုယုံကြည်ကြောင်း သူသည်မန်ယူအတွက် အဓိကအားထားရသည့် တိုက်စစ်မှူးဖြစ်ကြောင်း ၎င်းက ပြောသည်။



**ကောင်းမြတ်သူ စုစည်းသည်**

## ဘောလုံးသတင်း အတိုအထွာ

**မောင်ချစ်ကြည် - ရေးသားသည်**

- အာဆင်နယ်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ ဗာမေလမ်သည် နာပိုလီအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။
- မန်စီးတီးအသင်းမှ ကွန်ပနေကို မိုနာကိုအသင်းက ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့်ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- ဗီလာအသင်းမှဘန်တီကီကို အာဆင်နယ်၊ ချယ်လ်ဆီးနှင့်မန်စီးတီးတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ချယ်လ်ဆီးသည် ယခုနှစ်ဘောလုံးရာသီ၌ ၃၂ ဂိုးသွင်းယူပေးထားသော ဂါလာတာစာရေးအသင်းမှ တိုက်စစ်မှူး ဘာရက်ယီလ်မက်စ်အား ခေါ်ယူမည်ဖြစ်သည်။
- အသက် ၂၅ နှစ်အရွယ်ရှိ စတုတ်ဂိုးသမား ဘီရိုဗစ်အား ပေါင် ၁၅ သန်းဖြင့် လီဗာပူးသို့ ခေါ်ယူမည်ဖြစ်သည်။
- စတုတ်အသင်းသည် အက်ဗ်စီတွမ်တီးအသင်းမှ အသက်၁၉ နှစ်အရွယ်ရှိ ဂိုးသမားတီမိုပလက်တယ်ကို ဦးစားပေးဂိုးသမားအဖြစ် ပွဲထွက်ကစားစေရန် စီစဉ်လျက်ရှိသည်။
- မန်စီးတီးတိုက်စစ်မှူးအဂူရိုက မန်စီးတီး၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- လီဗာပူးနည်းပြ ရော်ဂျာက ဆဲလ်တာဗီဂိုတိုက်စစ်မှူး လာဂိုအက်ဖ်ပက်စ်အား ခေါ်ယူရန်စီစဉ်လျက်ရှိသည်။
- မိုနာကိုအသင်းသည် အသက် ၂၆ နှစ်အရွယ်ရှိ ပေါ်တိုကွင်းလယ်ကစားသမား မော်တင်ဟိုနှင့် ရိုဒရီကွက်ဇ်တို့အား ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အင်တာမီလန်အသင်းသည် လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- နာပိုလီအသင်းသည် နည်းပြနေရာအတွက် စပါးအသင်းနည်းပြ ဗီလက်ဘိုအာ့စ်နှင့် အစားထိုးရန် ဆက်သွယ်လျက်ရှိသည်။


### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်နေ ဦးမျိုးသစ်အောင်-ဒေါ်လဲ့လဲ့ဝင်းတို့၏သမီး၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း Grade-7(H) တွင် ပညာသင်ကြားနေသော မယွန်းရွှေရည်အား မယွန်းလဲ့ရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းလဲ့ရည်**

### ကားအမြန်ရောင်းမည်

MAZDA TITAN BOX TRUCK ၁တန်၊ ဒီဇယ်၊ 3.5-BB GRADE၊ အပြီးအစီး ကျပ် ၉၉ သိန်း၊

**ဖုန်း-၀၉-၇၃၁၀၇၃၁၀**
**၀၉-၇၃၄၀၇၃၄၀**

### အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ခွေးတောက်ချောင်းအုပ်စု၊ နံ့ဂါတ်ကြီးရွာ(ခွဲ) အထကတွင် ပညာသင်ကြားနေသောဦးသက်နိုင်ထွန်း-ဒေါ်ချိုချိုမင်းတို့၏သမီး မရွယ်ခြူးတွယ်တာအား မမေရွှန်းလဲ့ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေရွှန်းလဲ့ခိုင်**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်အေးအေးတင့်တို့၏သမီး၊ မအေးသဥ္ဇာဝင်း ၁/ဘအန(နိုင်)၁၅၇၆၉၁ သည် မိဘနှစ်ပါးနှင့် အစ်ကိုအစ်မများ၏ ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် မိမိသဘောအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မိဘနှစ်ပါးနှင့် အစ်ကိုအစ်မများမှ မည်သည့်အကြောင်းအရာကိစ္စကိုမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိန်ဝင်း ၅/မရန(နိုင်)၀၂၄၉၈၉**
**ဒေါ်အေးအေးတင့် ၅/မရန(နိုင်)၀၂၄၉၉၀**

### သွေးသည် အသက်

### ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် ၆၅၆၊ မြေကွက်တည်နေရာ အမှတ် ၆၅၆ သန္တာ ၁၃လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်စိုးမြဦး စီဂျီ-၀၂၀၃၃၉၊ ဦးသာထွန်းဦး စီဂျီ-၀၂၀၃၃၈ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်စိုးမြဦးနှင့် ဖခင်ဦးသာထွန်းဦးတို့ ကွယ်လွန်သဖြင့် ဒေါ်နုနုအေး ၁၂/ဥကမ(နိုင်)၁၀၀၉၄၀ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ၄၉၁၀/၂၂-၃-၂၀၁၃ဖြင့် ရရှိသူ ဦးအေးမြင့် ၁၂/ဥကမ(နိုင်)၀၃၂၆၂၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ခြံမြေအမြန်ရောင်းမည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၃)၊ ဆင်ခေါင်းလေးကျေးရွာ၊
အကျယ်အဝန်း ၁၃သမ၂၀ ဧက
ခွဲ၍လည်းရောင်းမည်။
(၆၀'×၆၀')တစ်ကွက် ကျပ်သိန်း ၁၁၀

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၃၁၀၇၃၁၀၊ ၀၉-၇၃၄၀၇၃၄၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်ရှိ အလျား ပေ၄၀×အနံ ပေ ၆၀ နှစ်ကွက်တွဲဖြစ်သည့် အကွက်အမှတ် H.142,H.143 တို့အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်မည့်သူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းနုရွှေ ၁၂/စခန(နိုင်)၀၁၂၆၆၅ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန်းနုရွှေ**
**အမှတ် ၃၈(ငါးလွှာ)၊ ရှမ်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၁၂၆၃၇**

### သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ အမှတ် ၃/၄၆၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်၄၆၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ နှစ်၆၀ဂရန်မြေသည် ဦးထိန်ဝင်း ၇/ပမန(နိုင်)၀၆၃၃၂၆ အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ အဆိုပါမြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝေ(စဥ်-၇၁၂၄)**
**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဥ်-၈၇၉၁) ဒေါ်ဖြိုးဖြိုးမြင့်(စဥ်-၂၉၈၁၂)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**အမှတ်-၆၀ (ဒုတိယထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂**

### မွေးနေ့ဆုတောင်း

ချစ်သမီးလေး မေသက်ပိုင်(ခ)ပြည့်ပြည့်၏ ၂၆-၅-၂၀၁၃ရက်တွင် ကျရောက်သော (၂)နှစ်မြောက်မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဘိုးဘိုး(ဦးသန်းဆွေဦး) - ဘွားဘွား ဒေါ်စန်းစန်းဦး**
**ချစ်ဖေဖေ ဦးရဲကျော်သူ - ချစ်မေမေ ဒေါ်ကေသီဦး**
**ချစ်ဦးလေး ဝေယံထွန်း၊ ဉာဏ်မင်းထွန်း၊ ပြည့်စုံထွန်း**
**ချစ်ဒေါ်ဒေါ် ထက်အဥ္ဆလီ(ခ)ထက်ထက်**

### ဒေါ်နန်းဟွမ်ဆိုင်(ခ)ဒေါ်နန်းခမ်းလီနှင့် အများသိစေရန်

ဦးထွန်းလင်း ၁၂/ဗတထ(နိုင်)၀၀၁၄၆၇ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ကြော်ငြာပါဇနီးဖြစ်သူနှင့်အတူ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးသုံးဦးထွန်းကားခဲ့ပါသည်။ ၁၀-၅-၂၀၁၃ရက်တွင် ကျွန်ုပ်၏မိတ်ဆွေသည် ကုမ္ပဏီကိစ္စဖြင့် နေပြည်တော်သို့ ခရီးထွက်သွားစဉ် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ၎င်း၏ဇနီးဖြစ်သူမှ သားသမီးသုံးဦးကိုခေါ်ကာ အိမ်၌ရှိသော ရွှေ ၄၀ ကျပ်သား၊ ငွေသားကျပ် ၂၃သိန်း၊ အိမ်ထောင်ပရိဘောဂ ကာလတန်ဖိုး ငွေကျပ် ၂၉သိန်းခန့်၊ စုစုပေါင်းငွေသားကျပ် ၅၂သိန်းခန့်ကိုယူပြီး နေအိမ်မှ ည ၁၀နာရီတွင် ဆင်းသွားခဲ့ပါသည်။ လက်ခံထားသူများကို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် အဆိုပါယူဆောင်သွားသည့်ပစ္စည်းများမှာလည်း ကျွန်ုပ်မိတ်ဆွေ၏ လက်ထပ်ပွားပစ္စည်းများဖြစ်ပါ၍ အဆိုပါပစ္စည်းများအား နည်းအမျိုးမျိုးဖြင့် လွှဲပြောင်းခြင်း၊ တန်ဖိုးယုတ်လျော့အောင်ဖန်တီးခြင်းများ ပြုလုပ်သူကို ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(သတင်းပေးခြင်းနှင့် စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်နိုင်ပါသည်။)**

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးထွန်းလင်း**
**၁၂/ဗတထ(နိုင်)၀၀၁၄၆၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မိုး(ကော့မှူး)**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၈၂၃၇)**

**ဒေါ်သင်းသင်းယု**
**အထက်တန်းရှေ့နေ(စဥ်-၃၂၈၀၁)**

**အခန်း ၁၁/၁၂(အေ)၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၁၀၇၁၀၀၂**

ကြော်ငြာ

# လူစီးယာဉ်၊ ကုန်တင်ယာဉ်အပြင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် လေ့လာစောင့်ကြည့်ရေးယာဉ်အဖြစ် ဘက်စုံအသုံးပြုနိုင်သော CN 295 လေယာဉ်

INDONESIAN AEROSPACE (IAe)



အရှေ့တောင်အာရှဒေသသည် သံယံဇာတကြွယ်ဝသော်လည်း မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ခြင်းနှင့် မုန်တိုင်းများ ဖြစ်ပေါ်တတ်သော ဒေသဖြစ်ပေသည်။ မည်သည့်အကြောင်းကြောင့် ဖြစ်စေ အရေးပေါ်အကူအညီ လိုအပ်သည့်အခါ CN 295 အနေဖြင့် ပိုမိုကောင်းမွန် မြန်ဆန်သည့် တုံ့ပြန်မှုကို ပေးနိုင်မည်ဖြစ်သည်။ CN 295 သည် ဘက်စုံ ခိုင်ခံ့ စိတ်ချရသည့် လေယာဉ်ဖြစ်ပြီး လိုအပ်ချက်ကြီးမားသော အရေးကိစ္စများကိုပင် စွမ်းဆောင်နိုင်ပါသည်။ ၎င်းလေယာဉ်ကို ပူပြီးမြင့်မားသော ပတ်ဝန်းကျင်တွင် စမ်းသပ်ပြီးဖြစ်သည့်အပြင် သာမန်သာရှိပြီးတိုသော runways သာရှိသည့် လေယာဉ်ကွင်းများတွင် အသုံးပြုနိုင်သည်။ ခရီးသည်တင်ယာဉ်အဖြစ် လည်းကောင်း၊ ကုန်တင်ယာဉ်၊ ရိက္ခာပစ္စည်းနှင့် လေထီးတပ်သားများချခြင်း၊ လူနာတင်ယာဉ်၊ ရေကြောင်း သို့မဟုတ် ကုန်းကြောင်း လေ့လာစောင့်ကြည့်ရေးယာဉ်အဖြစ် အသုံးပြုနိုင်ပါသည်။

CN 295 သည် အလယ်အလတ် သယ်ဆောင်လေယာဉ်နှင့် လေ့လာစောင့်ကြည့်ရေး လေယာဉ်ဈေးကွက်တွင် ရှေ့ပြေးဖြစ်နေပြီး ၂၀၁၂ ခုနှစ်ကတည်းကပင် အများဆုံးရောင်းခဲ့ရသည်။ လေယာဉ်အစင်း ၁၂၀ကို ဝယ်ယူသူ ၁၇ဦးသို့ ရောင်းချပြီး ဖြစ်သည်။ ယင်း ၁၇ဦးတွင် ခုနစ်ကြိမ် ပါဝင်ခဲ့သည်။ Flight Hours 150,000 ရှိပြီးဖြစ်သည်။ CN 295 သည် အီရတ်၊ အာဖဂန်နစ္စတန်နှင့် ဆူဒန်တို့တွင် ငြိမ်းချမ်းရေးမစ်ရှင်ဆိုင်ရာ ကိစ္စတို့တွင် အသုံးပြုဖူးသည်။ ဟေတီ၊ ချက်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် သဘာဝအန္တရာယ်ကျရောက်ခဲ့စဉ် ကယ်ဆယ်ရေးတာဝန်များ၌ အသုံးပြုခဲ့ပါသေးသည်။ ဤလေယာဉ်ကို ကြမ်းတမ်းသော ပတ်ဝန်းကျင်၌ ကောင်းစွာအသုံးပြုနိုင်ပြီး ကုန်ကျစရိတ် နည်းပါးပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် CN 295 ကို မကြာမီကဝယ်ယူသည့် နိုင်ငံတစ်ခုဖြစ်ပြီး လေယာဉ်ကိုးစင်းကို ဝယ်ယူခဲ့ပြီးဖြစ်သည်။ ဤလေယာဉ်သည် အင်ဒိုနီးရှားလေတပ်၏ လိုအပ်ချက်များ၊ သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် ကိုက်ညီမှုကို တွေ့ရှိရပါသည်။ အခြားဝယ်ယူသည့်နိုင်ငံများမှာ စပိန်နိုင်ငံ၊ ချက်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ပေါ်တူဂီ၊ ပိုလန်၊ ကာဇက်စတန်၊ ဘရာဇီး၊ ချီလီ၊ ကိုလန်ဘီယာ၊ မက္ကစီကို၊ အယ်လ်ဂျီးရီးယား၊ အီဂျစ်၊ ဂါနာ၊ ဂျော်ဒန်နှင့် အိုမန်တို့ဖြစ်ပါသည်။

CN 295 နှင့် မျိုးတူဖြစ်သော ၎င်းထက်ငယ်သည့် CN 235 နှင့် NC 212 တို့သည်လည်း အရေးပေါ်အကူအညီပေးရာ၌ ကောင်းမွန်စိတ်ချရပါသည်။ CN 235 (ထိုင်ခုံ ၃၅ခုံ၊ ကုန်ချိန် ၆ တန်)နှင့် NC 212 (ထိုင်ခုံ ၂၈ခုံ၊ ကုန်ချိန် ၂.၈ တန်)တို့သည် အသုံးဝင်သော အလယ်အလတ်နှင့် အငယ်တန်း သယ်ယူပို့ဆောင်ရေးနှင့် လေ့လာစောင့်ကြည့်ရေး လေယာဉ်များဖြစ်သည်။

အရှေ့တောင်အာရှဒေသများ၌ CN 295, CN 235 နှင့် NC 212 တို့သည် ဘုံသုံးလေယာဉ်များဖြစ်သဖြင့် စစ်ရေးစစ်ရာ တပ်ဖြန့်ကြက်မှုများ သို့မဟုတ် နယ်ခြားလေ့လာစောင့်ကြည့်ရေးဆိုင်ရာ ပူးတွဲလုပ်ဆောင်ချက်များ၌ ASEAN နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းခံနိုင်ရည်စွမ်းအားအတွက် အလားအလာရှိစေမည့် လေယာဉ်များဖြစ်သည်။

CN 295, CN 235 နှင့် NC 212 လေယာဉ်များသည် PT Dirgantara Indonesia နှင့် Airbus Military တို့၏ ရေရှည် မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်များဖြစ်သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုကို ၁၉၇၆ ခုနှစ် ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး PTDI သည် အာရှပစိဖိတ်ဒေသဈေးကွက်တွင် ဝန်ဆောင်မှုပေးနေဆဲဖြစ်သည်။

## CN 295

မျိုးဆက်သစ်CN 295သည် လူသားချင်းစာနာထောက်ထားကူညီမှုများ၊ ရေကြောင်းကင်းလှည့်ခြင်း၊ ပတ်ဝန်းကျင်လေ့လာစောင့်ကြည့်ရေး စသည့်ကိစ္စများ၌ လူ့အသိုင်းအဝိုင်း အကျိုးပြုစေနိုင်သည့်လေယာဉ်ဖြစ်ပါသည်။ ဤလေယာဉ်သည် ၎င်း၏



ဘက်စုံ စိတ်ချရမှုများနှင့် ရှင်းလင်းလွယ်ကူသော စနစ်ကြောင့် ခရီးသည်နှင့် ထုထည် ကြီးမားသော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ယူခြင်း၊ ဆက်သွယ်ရေး သို့မဟုတ် လေယာဉ်ပေါ်မှ ပစ္စည်းချပေးရေးတို့၌ အသုံးဝင်ပေသည်။ ၎င်း၏ အရပ်ဘက်၊ စစ်ဘက်သုံး နည်းပညာနှစ်မျိုးလုံးဖြင့် ပြုလုပ်ထားသဖြင့် အရေးကြီး နည်းဗျူဟာမစ်ရှင်များ၌ အောင်မြင်မှု အလားအလာကောင်းသည့် လေယာဉ်ဖြစ်သည်။ CN 295 သည် ကုန်ချိန်ကိုးတန် သို့မဟုတ် လူ ၇၁ဦး တင်ဆောင်နိုင်သည်။ အရှည် ၂၄ ဒသမ ၄၅မီတာ၊ တောင်ပံအရှည် ၂၅ ဒသမ ၈၁မီတာနှင့် အမြန်နှုန်း 260 Knots (တစ်နာရီ ၄၈၀ ကီလိုမီတာ) အမြန်ရှိသည်။ လေယာဉ်တွင်း၌ Pressurized ပြုလုပ်ထားသဖြင့် အမြင့်ပေ ၂၅၀၀၀၌ ပျံသန်းနိုင်ပြီး လိုအပ်သည့်အခါ 110 Knots အမြန်နှုန်းဖြင့်မောင်းနိုင်သည်။ CN 295 သည် အပေါ့စားလေယာဉ်ဖြစ်ပြီး သေချာစွာပြင်ဆင်ထားခြင်းမရှိသော လေယာဉ်ကွင်း (Soft or hard at CBR 3)များ၌ ဆင်းသက်နိုင်ပြီး တာတိုနှင့် တက်ဆင်း ပြုလုပ်နိုင်သည်။ ပြန်သိမ်း (Retractable)နိုင်သောအဆင်းဂီယာရှိပြီး 2645 shp Pratt & Whitney Canada PW 127G ဂျက်တာဗိုအင်ဂျင်နှစ်လုံးက Six-blade Hamilton Sundstrand ပန်ကာနှစ်လုံးကို မောင်းပေးသည်။ ၎င်းလေယာဉ်သည် ကိုင်တွယ်ရာ၌ လွယ်ကူကောင်းမွန်ပြီး လောင်စာဆီအစားနည်း၍ ၁၁နာရီ ပျံသန်းနိုင်



သည့်အပြင် air-to-air လောင်စာဆီဖြည့်ခြင်း ပြုလုပ်နိုင်သည်။

CN 295 တွင် HIAS (Highly Integrated Avionics System) တပ်ဆင်ထားသည်။ Thales Avionics စနစ်ပါရှိသည်။ ၎င်းတည်ဆောက်မှုစနစ်ကြောင့် ဤလေယာဉ်၌ နောင်တွင်ပိုမိုခေတ်မီသော electronic ပစ္စည်းများတပ်ဆင်လိုက တပ်ဆင်ရန်လွယ်ကူသည်။

CN 295 လေယာဉ်ကို တော်ပီဒိုနှင့် AEW & C (Airborne Early Warning and Control) တပ်ဆင်ထားသော ရေငုပ်သင်္ဘော တိုက်ဖျက်ရေးယာဉ်အဖြစ်လည်း ရရှိနိုင်သည်။ AESA (Active Electronically Scanned Array) တပ်ဆင်ထားမည်လည်းဖြစ်သည်။ CN 295 တွင် မိမိကိုယ်မိမိ ကာကွယ်ရေးစနစ်၊ ရေဒါသတိပေးချက် လက်ခံ (RWR) ဒုံးပျံသတိပေးစနစ်၊ လေဆာသတိပေးစနစ်နှင့် Flare နှင့် Chaff ထုတ်ပေးနိုင်သည်။



သတင်းဆောင်းပါး



# အင်းလေးကန်ဒေသ၌ အကျိုးပြုကျက်စားလျက်ရှိသော အင်းပျော်သားငှက်များ

တောင်ပေါ်ဒေသ တိုင်းရင်းသားလူမျိုးများစုစည်းနေထိုင်ရာ နေရာများတွင် ထင်ရှားသည့် အထိမ်းအမှတ်နေရာများစွာ ရှိပါသည်။ ဥပမာအနေဖြင့် ချင်းပြည်နယ်တွင် ထင်ရှားသောရိဒ်ရေကန်၊ ကချင်ပြည်နယ်၌ အင်းတော်ကြီးကန်စသည်ဖြင့် ကိုယ်စီထင်ရှားစွာ တည်ရှိနေကြပေသည်။

ယနေ့နိုင်ငံတကာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများစုက မြတ်နိုးတန်ဖိုးထားသော စိတ်ဝင်တစား လာရောက်လည်ပတ် အပန်းဖြေရင်း လေ့လာစရာများကို အမှတ်တရမှတ်တမ်းများ ရယူသွားကြသည့် ထင်ရှားသော နာမည်ကြီးရေကန်ကြီးများထဲမှ အင်းလေးကန်ကြီးကို မသိသူမရှိသကဲ့သို့ မရောက်ဖူးကြသူများ မရှိသလောက်ဖြစ်ပေလိမ့်မည်ဟုယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုရသော် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့်တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်ကျင်းပသည့်အခါ မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော တိုင်းရင်းသားပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားများ အလည်လာရောက်သည့်အခါ အင်းလေးကန်သို့ မဖြစ်မနေ အရောက် သွားတတ်ကြစမြဲဖြစ်ပါသည်။ ထို့အပြင် ညောင်ရွှေ-အင်းလေးဒေသတွင် နှစ်စဉ်စက်တင်ဘာလ ၇ ရက်မှ စတင်ကျင်းပလေ့ရှိသော အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီလှည့်လည် ပူဇော်သည့်ပွဲ၊ သီတင်းကျွတ်လပြည့်နေ့ ဖောင်တော်ဦးဘုရားကျောင်းတော်ဝင်ပွဲသို့လည်း ခရီးသွားများလာရောက်ဖြစ်ကြသည်။ ယင်းပွဲများ၌ အင်းတိုင်းရင်းသားရိုးရာ လှေလှော်ပြိုင်ပွဲသည် မြန်မာကသာမက ကမ္ဘာကပါ ချီးကျူး အံ့သြလောက်အောင် ကြက်ပျံမကျ စည်ကားလှသော ပွဲများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။



စာရေးသူသည် အင်းလေးကန်ဒေသ သဘာဝသစ်တော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သားငှက်ဘေးမဲ့တောဧရိယာ စောင့်ရှောက်ရေးဌာန တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ လေ့လာတွေ့ရှိချက်များအရ စွန်နက် ကျား၊ ဆက်ရက်၊ ရေဒေါင်း၊ မယ်ညိုငှက်၊ ဒေါင်းလန်းခြေထောက်၊ ရေကြက်ဒုံ၊ ကြိုးကြာခေါင်းနီဟုခေါ်သော သားငှက်များသည် အများအားဖြင့် ဤအင်းလေးကန်တစ်ဝိုက်ရှိပတ်ဝန်းကျင်ဒေသများ၌ကျက်စားနေထိုင်သွားလာကြသည်ဟု သိရသည်။ ရေပြင်တစ်ခုလုံးကို ခြုံ၍ လေ့လာမည်ဆိုပါက စင်ရော်၊ ဗျိုင်းစသည့် အခြားသားငှက်မျိုးစုံတို့လည်း ပျော်ပါးကျက်စားရာနေရာဖြစ်ကြောင်း တာဝန်ရှိသူက ရှင်းပြခဲ့သည်။

ဖော်ပြပါ အင်းရေပျော်သားငှက်တို့သည် ညောင်ရွှေမြို့နယ်၏မြောက်ဘက်အရပ်နေရာများဖြစ်သည့် သာစည်ကန်၊ လယ်ကွင်း၊ ရေပယ်ကွင်းနှင့်နဒီကန်အထက်အောက်နေရာများ၌ အများဆုံးသွားလာလှုပ်ရှားကြသည့်အပြင် ဟဲဟိုးလွင်ပြင်၊ တမိုင်းခန်းရွာဒေသများနှင့်ကတ်ကူ (ဟိုပုံး) ဒေသနေရာများတွင်လည်း တွေ့ရှိရကြောင်း သဘာဝသစ်တောထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ အဆိုပါ အင်းပျော်ငှက်များစွာထဲမှဒေသကို တစ်နည်းတစ်ပုံစံဖြင့် အကျိုးပြုသော ငှက်ဖြစ်သည်ဆိုသည့် ကြိုးကြာ ခေါင်းနီ သားငှက်အကြောင်း ဖော်ပြပေးလိုက်ပါသည်။

ကြိုးကြာခေါင်းနီ ရေပျော်ငှက်သည် ရာဇဝင်အရ ရှေးအခါ မြတ်စွာဘုရားလက်ထက်တော် ကာလ၌ ဘုရားအလောင်းဖြစ်ခဲ့ဖူးသော ငှက်ဖြစ်သည်ဟု ဆိုပါသည်။ ယင်းငှက်သည် ညောင်ရွှေအင်းလေးဒေသခံပြည်သူများနှင့်လည်း သဟဇာတအဖြစ်ဆုံး ငှက်မျိုးဖြစ်ကြောင်း ဒေသခံများက ပြောဆိုကြပါသည်။ ထိုသို့ဖြစ်ရသည်ဆိုခြင်းမှာ အင်းလေးကန်ဒေသနေ ပြည်သူများအပေါ် တစ်စုံတစ်ခုသော (အန္တရာယ်) အနှောင့်အယှက် သော်လည်းကောင်း ကျရောက်တော့မည့် အခြေအနေများရှိလာခဲ့လျှင် ကြိုးကြာခေါင်းနီငှက်က သူ၏အစွမ်းဖြင့် ရွာကို အကာအကွယ်ပြုပေးခဲ့သည့် ရာဇဝင်များရှိကြောင်း ယုံကြည်ကြခြင်းကြောင့် ဒေသခံများနှင့် သဟဇာတဖြစ်ရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူ(သက်ကြီး) များက ပြောသည်။

အခြားသော အင်းပျော်ငှက်မျိုးစုံသည်လည်း အင်းလေးကန်နေရာအသီးသီး၌ သွားလာပျံသန်းကျက်စားခြင်းအားဖြင့် ရေကန်ကြီး စိမ်းလန်းလှပနေမှုကို အထောက်အကူပြုလျက်ရှိနေကြပါကြောင်း၊ ဤအင်းလေးကန်တွင် သားငှက်အစုံတို့ကို ထိန်းသိမ်းကာကွယ်ပေးသည့် သားငှက်ဘေးမဲ့ဧရိယာများ သတ်မှတ်ကာ သဘာဝသစ်တောထိန်းသိမ်းရေး၊ သားငှက်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က စနစ်တကျ ထိန်းသိမ်းကာကွယ်ပေးလျက်ရှိကြောင်းကိုလည်း သိခဲ့ရသည်။

သို့ဖြစ်၍ မိမိတို့ ညောင်ရွှေ-အင်းလေးဒေသနေ ပြည်သူများအားလုံးသည် အင်းလေးကန်အတွင်း ရေပျော်သားငှက်တိရစ္ဆာန်များ မျိုးသုဉ်းပပျောက်သွားခြင်း မရှိစေရေးကို တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ အင်းလေးကန်ဒေသသို့ လာရောက်လျက်ရှိကြသော ပြည်သူများကလည်း တတ်စွမ်းသည့်ဘက်မှနေ၍ ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ပေးမှုများ ပြုလုပ်သွားနိုင်ပါက အင်းရေပျော်သားငှက်များ ပိုမိုပေါက်ပွားများပြားလာပြီး အင်းလေးကန်ကြီးသည် ထာဝရ စိမ်းလန်းစိုပြည်ကာ သာယာလှပမှု ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ညောင်ရွှေ-အင်းလေး ဒေသခံတောင်သူများက ပြောကြားခဲ့ကြပါကြောင်း ကွင်းဆင်းရေးသား ဖော်ပြလိုက်ရပါသည်။

**စိုင်းဇော်လတ်(လင်းခေး)**

---


## ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းပြင်ဆင်ချက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ သံကူကွန်ကရစ်အဆောက်အအုံများအား အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တည်နေရာနှင့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တည်နေရာ**
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီအနောက်တိုးချဲ့မြို့ကွက်သစ် (Face-2) အကွက်အမှတ် (၂၄)

(ခ) **လုပ်ငန်းများ**
(၁) ခြောက်ခန်းတွဲ နှစ်ထပ် (၁၂)ခန်း (RC)စုစုပေါင်းဧရိယာ • ၈၁၁၂စတုရန်းပေ
(၂) ၁၂ခန်းတွဲ တစ်ထပ် (၁၂)ခန်း (အပျို/လူပျိုဆောင်)၊ စုစုပေါင်းဧရိယာ •၄၀၈၀စတုရန်းပေ
(၃) **တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၁၃-၅-၂၀၁၃ရက် -နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ
(၄) **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၃ရက် ၁၆:၀၀နာရီ

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်အား သီးခြားကြော်ငြာမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သောလိုအပ်သည့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၈၆၅**



## ဘားအံ့စက်မှုဇုန်မြေနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ ဘားအံ့စက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အဆိုပြုသူများအား မြေကွက်များလျာထားသတ်မှတ်၍ နေရာချထားပေးရာ ဇုန်(၁)တွင် ကုမ္ပဏီနှစ်ခုအား မြေကွက်(၃၈)ကွက်၊ ဇုန်(၂)တွင် ကုမ္ပဏီခြောက်ခုနှင့် လုပ်ငန်းရှင် ၃၉ ဦးတို့အား မြေကွက် ၁၉၁ ကွက်၊ ဇုန်(၃)တွင် ကုမ္ပဏီနှစ်ခုနှင့် လုပ်ငန်းရှင် ၄၁ ဦးအား မြေကွက် ၆၉ ကွက်၊ ဇုန်(၄)တွင် လုပ်ငန်းရှင် ၂၅၆ ဦးတို့အား မြေကွက် ၃၂၄ကွက်များ အသီးသီးချထားခဲ့ပါသည်။ ယခုအခါ မြေကွက်နေရာလျာထားပြီး နေရာချထားခြင်းခံရသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်အချို့တို့အနေဖြင့် သတ်မှတ်အရစ်ကျပေးသွင်းရမည့် ကျသင့်ငွေများအား ပေးသွင်းခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယနေ့အထိ မြေကွက်တန်ဖိုး ပထမအရစ် မပေးသွင်းသေးသော ကုမ္ပဏီ၊ လုပ်ငန်းရှင်တို့အနေဖြင့် ၂၀၁၃ခုနှစ် ဇွန် ၃၀ရက် နောက်ဆုံးထား၍ ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ချထားပေးသော မြေကွက်များအား အလိုအလျောက် ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည်။

**ဘားအံ့စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၉၄/၁၂၈၂၅ Jiang Dong ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်စို့ ၁/မမန(နိုင်) ၀၃၂၃၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဗန်းမော်)**



## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊အောင်စည်းခံဘုရားလမ်း၊ အိမ်အမှတ် ၅၈ နေ ဦးခင်မောင်စိုး-ဒေါ်သန်းသန်းဌေးတို့၏ သမီး မသော်တာထက်အား မခင်ရတနာလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| | **Tender No. 08/DHPI/Transmission Line/2013-2014** | |
| 1. | 36KV Current Transformer | 1 Set |
| 2. | 36KV $SF_6$ Gas Circuit Breaker | 1 Set |
| 3. | 36 KV Disconnecting Switch (with earth switch) | 1 Set |
| 4. | 36KV Voltage Transformer | 1 Set |
| 5. | 36KV Lightning Arrester | 1 Set |
| 6. | 36KV GCB Control and Relay Panel | 1 Set |
| 7. | 11/0.4KV, 50KVA Transformer | 1 No |
| 8. | 12KV Vacuum Circuit Braker | 1 Set |
| 9. | Battery and Battery Charge (110V, DC) | 1 Set |
| 10. | Earthing System | 1 Lot |
| | **Tender No.09/DHPI/Spare Parts/2013-2014** | |
| 1. | Spare Parts for Geological Machinery | 1 Lot |

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရုံးအမှတ် ၃၈၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁**



## ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ နှိုးဆော်လွှာ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅)ဝိုင်းအတွင်းရှိ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ ပဋ္ဌာန်းဘုရားပူဇော်ပွဲ ကျင်းပပြုလုပ်တော့မည်ဖြစ်ပါ၍ ပဋ္ဌာန်းပြိုင်ပွဲဝင်လိုသောအသင်းအဖွဲ့များသည် ၁-၆-၂၀၁၃ရက်မှ ၃၀-၆-၂၀၁၃ ရက်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်လိုက်ပါသည်။

**မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း**
**အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်**
**တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၉ယ/၈၀၁၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၇/အတန(နိုင်) ၀၃၄၅၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တောင်ငူ**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
## အိတ်ဖွင့်တင်ဒါ (Opened Tender)များခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှအောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Opened Tender)ကိုပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | 1(T)/MTE/Local/2013-2014 | Tyre | 3872 (Sets) |
| ၂။ | 2(T)/MTE/Local/2013-2014 | Battery | 2340 (Nos) |
| ၃။ | 3(T)/MTE/Local/2013-2014 | Lubricants | 960(Drums) |
| ၄။ | 4(T)/MTE/Local/2013-2014 | Raw Materials for U/F Liquid Glue (Formalin) | 320(M Ton) |
| ၅။ | 5(T)/MTE/Local/2013-2014 | Short Link Chain | 1( Lot) |
| ၆။ | 6(T)/MTE/Local/2013-2014 | Elephant Medicine | 1( Lot) |
| ၇။ | 7(T)/MTE/Local/2013-2014 | Spare Parts for Komatsu D65 A-6 Dozer | 1( Lot) |
| ၈။ | 8(T)/MTE/Local/2013-2014 | Spare Parts for Komatsu D65 E-12 Dozer | 1( Lot) |
| ၉။ | 9(T)/MTE/Local/2013-2014 | Spare Parts for Furukawa FL-320-II Loader | 1( Lot) |
| ၁၀။ | 10(T)/MTE/Local/2013-2014 | Spare Parts for Kawasaki Wheel Loader 70Z IV-2 | 1( Lot) |
| ၁၁။ | 11(T)/MTE/Local/2013-2014 | Spare Parts for Isuzu CXZ 80Q Logging Truck | 1( Lot) |
| ၁၂။ | 12(T)/MTE/Local/2013-2014 | Spare Parts for Isuzu SPZ 580 Logging Truck | 1( Lot) |

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ( ၁၇. ၆. ၂၀၁၃)ရက်နေ့ ( ၁၂ : ၀၀)နာရီဖြစ်ပြီး၊ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၂၀၀၀ /-နှုန်းဖြင့် ( ၂၇. ၅. ၂၀၁၃)ရက်နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊မြန်မာ့သစ်လုပ်ငန်း
အမှတ် ၇၄/၇၆၊ရွှေတိဂုံဘုရားလမ်း၊ရန်ကုန်မြို့
ဖုန်း ၂၅၄၁၉၁၊ ၂၅၄၁၆၈



## ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့

အပြည်ပြည်ဆိုင်ရာ ပဋ္ဌပတ္တိလုပ်ငန်းဌာန
၃၁(က)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၃၅၅၄၉၊ ၀၉-၄၂၀၀၈၀၆၁၂

## ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ (I.M.C) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ငွေစာရင်းမင်းကြီး ဝိပဿနာအဖွဲ့၏ အကြိမ်(၆၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၉-၆-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ အမှတ် ၃၁(က)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရိပ်သာတွင် တရားတစ်ပတ်ဝင်ရောက်ပြီးသူ အသင်းသားများ (စာရင်းစစ်ချုပ်ရုံးဝန်ထမ်းဟောင်းနှင့် ဝန်ထမ်း) မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ပုလဲကူ-ရန်ကင်း ကျေးလက်ဖွံ့ဖြိုးရေး လမ်းခင်း၊ တံတားဆောက်

**ရေဖြူ မေ ၂၅**

ပုလဲကူ-ရန်ကင်းလမ်းသည် ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် တည်ရှိပြီး ရေဖြူမြို့မှ ထားဝယ် ရေနက်ဆိပ်ကမ်းသို့ သွားရောက်သော လမ်းပေါ်တွင် တည်ရှိသည်။

အဆိုပါ လမ်းနှင့်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းမှ ကျောက်ချောလမ်း အဖြစ်ဆောင်ရွက်ခဲ့သည်။ ယခင်က လမ်းသည်လှည်းတစ်စီး၊ဆိုင်ကယ်တစ်စီးသာသွားနိုင်ပြီး ပုလဲကူချောင်းသည် မိုးရာသီတွင် ရေလျှံသဖြင့် အဆိုပါလမ်းကို အသုံးပြု၍ မရနိုင်ပေ။ ကျန်းမာရေး၊ လူမှုရေး အခက်အခဲများစွာဖြင့် ကြုံတွေ့ရပြီး ရန်ကင်းရွာ၊ ပြင်းဖြူရွာမှ မြို့ပေါ်သို့ ရေလမ်းဖြင့်သာ သွားလာမှုပြုလုပ်ခဲ့ရသည်။



ယခုအခါ ပုလဲကူချောင်းတွင် ကွန်ကရစ်၊ သစ်သားခင်း (အရှည် ၃၆ ပေ) တံတားကို ၂၀၁၂ ခုနှစ် ဩဂုတ်လက စတင်ဆောက်လုပ်ရာ ပြီးစီးခဲ့ပြီဖြစ်ပြီး ယခုနှစ်မတ်လမှစ၍ အရှည် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၂ လက်မ ကျောက်ချောလမ်း ခင်းခဲ့ရာ ကုန်ကျစရိတ်မှာ ၂၉၁ သိန်းဖြစ်ပြီး မေ ၁၄ ရက်တွင် ပြီးစီးပြီဖြစ်သည်။ ယခုအခါ (ထားဝယ် ရေနက်ဆိပ်ကမ်း) လမ်းအတိုင်း ထားဝယ်မြို့သို့ ဖြစ်စေ၊ ရန်ကုန်မြို့သို့ ဖြစ်စေ၊ ကျန် ကျေးရွာများသို့ဖြစ်စေ လိုရာခရီးသို့ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ပြီဖြစ်၍ ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် သွားလာမှု ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထားဝယ်တွင် ကျောင်းအပ်နှံလက်ခံဆောင်ရွက်

**ထားဝယ် မေ ၂၅**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံလက်ခံဆောင်ရွက်မှုကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မေ ၂၃ ရက်က စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခုနစ်ကျောင်း၊ မူလတန်းကျောင်း ၁၀၆ ကျောင်းရှိပြီး ကျောင်းသားဦးရေ ၂၄၉၅၈ ဦးရှိရာ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာစာအုပ်၊ ဗလာစာအုပ်နှင့်ထောက်ပံ့ငွေများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ရွှေမြိုင်မောင် ကြေးရုပ်တုနှင့်စာကြည့်တိုက် မြိတ်မြို့၌ ဂုဏ်ပြုတည်ဆောက်မည်

**မြိတ် မေ ၂၅**

မြန်မာစာပေသမိုင်းတွင် လူသိများသည့် မြိတ်စာပေအကျိုးဆောင် တို့ဗမာအစည်းအရုံးဝင်နှင့် ဂျပန်ခေတ်မြိတ်မြို့နယ်အုပ်ချုပ်ရေးအရာရှိ မြန်မာ့စွယ်စုံကျမ်း၊ မြိတ်သမိုင်းရေးသားသူ၊ သတင်းထောက်၊ စာရေးဆရာ၊ ကဗျာဆရာ၊ ခတ်ပုံဆရာ၊ စာပေပညာရှင် ရွှေမြိုင်မောင်(ဦးထွန်းကြိုင်) ကွယ်လွန်ခြင်း ၄၅ နှစ်မြောက်ကို ဂုဏ်ပြုသောအားဖြင့် ဆရာရွှေမြိုင်မောင် ဇာတိမြို့ဖြစ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် ဆရာကြီး၏ ကြေးရုပ်တုနှင့်စာကြည့်တိုက်ကို တပည့်သားမြေးများက ဂုဏ်ပြုတည်ဆောက်လှူဒါန်းသွားမည်ဖြစ်သည်။

ဆရာရွှေမြိုင်မောင် ရေးသားထုတ်ဝေခဲ့သော စာအုပ်၊ စာပေ၊ ခတ်ပုံ၊ မှတ်တမ်း၊ စာစောင်များထိန်းသိမ်းထားသော စာပေချစ်သူများ၊ ရွှေမြိုင်မောင်ချစ်သူများအသင်း(ရန်ကုန်) ဖုန်း-၀၉-၄၂၀၀၇၆၉၅၇ သို့ ဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သုအောင်ကျော်(၄၀၊)**

## ကျောက်တန်း၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

**ကျောက်တန်း မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အဆင့် (၅) စီမံချက်အရ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများသည် မေ ၂၃ ရက်က ပါဒကြီးစံပြကျေးရွာရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေဆိုင်ရာကိစ္စရပ်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုရင်ဩ(မော်ဝန်း)**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်

**မိုင်းရှူး မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုခြောက်အုပ်စု၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များပေးအပ်သည့် အခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ တောင်သူများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ တက်ရောက်ကြပြီး အခမ်းအနားတွင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးတင်ထွန်းကျော်ကအုပ်စုခြောက်အုပ်စုအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ၇၀၁ စောင်ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဝင်း(ပြန်/ဆက်)**

## ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

၁။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၂၀၁၃ခုနှစ် မေ ၈ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၇၀/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူ ပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(၁၀၀၀၀ိ/-)သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာဘုတ်အဖွဲ့**

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ မစိုးသိင်္ဂီအောင် ၁၂/ဒဂတ(နိုင်)၀၀၄၄၃၈၏ PP A.၁၃၆၂၆၇ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၉၂၅၇၇၆၀၊ ၀၉-၅၀၇၉၅၆၀

### အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း
### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန ကုမ္ပဏီလီမိတက်က ဆောက်လုပ်ထားသော အောက်ဖော်ပြပါ စီးပွားရေးအဆောက်အအုံတစ်ခုလုံး(Commercial Centre)ကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သော နိုင်ငံတကာစံချိန်စံညွှန်းညီသည့် ခေတ်မီတိုးတက်မှုလုပ်ငန်းများကို ပေါ်လွင်စေရေးကို ရည်ရွယ်၍လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍လည်းကောင်း၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်စဉ်စီမံခန့်ခွဲမှုသဘောတူညီချက်(Annual Management Service Agreement) စာချုပ်ဖြင့် ၁၅ နှစ် ငှားရမ်းလုပ်ကိုင်ရန် အိတ်ဖွင့်တင်ဒါဈေးနှုန်း ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ ငှားရမ်းမည့်အဆောက်အအုံနှင့် တည်နေရာလိပ်စာ
သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန(Forest Joint Venture Commercial Centre)၊ အမှတ် ၄၂၂၊ ၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၂၈-၅-၂၀၁၃ရက်မှ ၆-၆-၂၀၁၃ ရက်အထိ အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းချက်များကို အထက်အပိုဒ်(၁)ပါ လိပ်စာနှင့် ဖုန်း-၀၁-၂၀၁၈၃၉ တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ကျောက်ပန်းတောင်းမြို့နယ် | တောင်သာမြို့နယ် | ငါန်းဇွန်မြို့နယ် |
|---|---|---|---|---|
| | | အရေအတွက်(ကျင်း) | အရေအတွက်(ကျင်း) | အရေအတွက်(ကျင်း) |
| (က) | ချောင်းသဲ | ၈၄၀.၀၀ | - | ၂၁၉.၀၀ |
| (ခ) | ခွဲကျောက်မျိုးစုံ | ၃၉၆၅.၀၀ | ၉၈၀.၀၀ | ၆၆၁.၀၀ |
| (ဂ) | ကျောက်ရောမြေ | ၁၈၈၂.၀၀ | ၂၃၈.၀၀ | ၁၄၀.၀၀ |
| | တင်ဒါပိတ်ရက် | ၃၀-၅-၂၀၁၃ | ၃၁-၅-၂၀၁၃ | ၁-၆-၂၀၁၃ |

**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** မွန်းတည့် ၁၂း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါနေရာများတွင် ၂၆-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မြင်းခြံ၊
မြို့နယ်အင်ဂျင်နီယာရုံး၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်
ဖုန်း - ၀၆၆-၂၂၂၄၃၊ ၀၆၁-၅၀၅၆၄၊ ၀၆၆-၇၀၀၁၅၊ ၀၆၆-၄၆၂၃၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းနွမ်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းငင်းဟွမ်ဖြစ်ပါသည်။

### အမည်ပြောင်း

သာစည်မြို့နယ်၊ ဆင်သေကျေးရွာနေ ဦးကျော်သန်းလွင်၏သား အထက(ခွဲ) မယ်ဇလီကန်ကျောင်း၊ အဌမတန်း(B)တွင် ပညာသင်ကြားနေသော မောင်အောင်ကိုလင်းအား မောင်အောင်ကိုမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ကိုမင်း**

### ဖခင်အမည်မှန်

အထက(၄)၊ မင်္ဂလာတောင်ညွန့်၊ ဆဌမတန်းမှ မောင်မိုးမြင့်သိင်္ခ၏ ဖခင်အမည်မှန်မှာ ဦးမျိုးသီဟကျော် ၉/ညဥန(နိုင်)၁၀၈၂၆၉ ဖြစ်ပါသည်။

**ဦးမျိုးသီဟကျော် ၉/ညဥန(နိုင်)၁၀၈၂၆၉**

### အမည်ပြောင်း

ဦးလွင်မောင်မောင်၏သား မြိတ်မြို့၊ အလက တောရကျောင်း စတုတ္ထတန်းမှ မောင်လွင်ဟိန်းသန့်အား မောင်ဟိန်းဖွဲ့သန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းဖွဲ့သန့်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၇၇၁၈ ဟွန်ဒါဝေ့(ဗ်) 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၁၀/ခဆန(နိုင်)၀၂၈၂၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မခိုင်ဇင်လှဲ့ ၁၄/ဘကလ(နိုင်)၂၀၄၄၅၁သည် မိဘဂုဏ်သိက္ခာညှိုးနွမ်းစေပြီး ခွင့်မလွှတ်နိုင်အောင် ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**မိခင်-ဒေါ်မော်မော်**

ပြည်တွင်းသတင်းနှင့်မှုခင်း

# ပန်းတော်ဝင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**မိုးကောင်း မေ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာ ပန်းတော်ဝင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၂၂ ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်နေရာ၌ ကျင်းပရာ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုးနွယ်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ရန်လင်း၊ မိုးကောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်း၊ မရမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကင်ရောအောင်နန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ပန်းတော်ဝင်စာကြည့်တိုက်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊ ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ်၂၀၆၄၀၀၀ စုစုပေါင်း ငွေကျပ် ၃၀၆၄၀၀၀ အကုန်ကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သစ်လုံးတင်ရထားနှင့် ထော်လာဂျီ တိုက်မိ

**နေပြည်တော် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှဈေး(၁)ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၂၁၁/၃)နှင့်ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်အမှတ်(၂၀၁/၈-၉)ကြား သံလမ်းကူးတွင် မေ ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ရေတာရှည်မြို့နယ် ဆတ်သေမြောက်ရွာနေသန်းဇော်(၂၅နှစ်)မောင်းနှင်လာသော ၉၅/---ထော်လာဂျီ ယာဉ်သည် သံလမ်းကို ဖြတ်ကူးစဉ် မန္တလေးမှရန်ကုန်သို့ သစ်လုံးများတင်ဆောင်လာသည့် အမှတ်(၉၃၄)အစုန်ကုန်ရထားနှင့် ဝင်ရောက်တိုက်မိခဲ့ပြီး လူထိခိုက်ဒဏ်ရာမရရှိကြောင်း၊ သန်းဇော်ကို မြို့လှရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(၁၁၂)**

# ဖောင်းပြင်မြို့နယ်၌ ဘိန်းမည်း ဖမ်းဆီးရမိ

**ဖောင်းပြင် မေ ၂၅**

ဖောင်းပြင်မြို့ သပြေသာရပ် မြို့ဝင်ဂိတ် အင်ကြင်းမြိုင်ရပ်ကွက်တွင် မေ ၂၂ရက် ညနေ ၅နာရီ ၄၅မိနစ်က မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မြို့ဝင်ဂိတ်တွင် စောင့်ဆိုင်းနေစဉ် မုံရွာ-ဖောင်းပြင်-ဟုမ္မလင်း ဗျူဟာလမ်းအတိုင်း ကုန်းအောက်တောင်းရွာမှ အောင်ဇော်ဦး မောင်းနှင်ပြီး သန်းကျော်ဦး စီးနင်းလိုက်ပါလာသော တရုတ်နိုင်ငံလုပ် (ဂျာလင်းDT-125R ) ဆိုင်ကယ်နံပါတ်မပါကို တားဆီးစစ်ဆေးရာ ဦးသန်းကျော်ဦးကို ဖမ်းဆီးနိုင်သော်လည်း အောင်ဇော်ဦးက ၄င်းကိုင်ဆောင်သော အရှည် တစ်ပေနှစ်လက်မခန့်ရှိ ဓားဖြင့် ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးရာ၌ ၄င်းကိုင်ဓားဖြင့်၄င်း၏ ဝဲဘက်ခြေထောက်၊ ဒူး၊ ခြေသလုံးနှင့် ခြေချင်းဝတ်တို့တွင် ဓားဒဏ်ရာများ ရရှိခဲ့ပြီး ၄င်းတို့နှစ်ဦးကို တာဝန်ရှိသူများက အသေးစိတ် ရှာဖွေစစ်ဆေးခဲ့ရာ သက်သေခံပစ္စည်း ဘိန်းမည်း ၆၀၈ ဒသမ ၅ ဂရမ်ကို တွေ့ရှိခဲ့သဖြင့် အမှုဖွင့် အရေးယူထားရှိကြောင်း သိရသည်။

**ဟန်ထွန်း(ပြန်/ဆက်)**

# ရပ်ထားသောယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်

**တာချီလိတ် မေ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့ ဝိန်းကျောက်ရပ်၌ မေ ၂၃ ရက် ည ၈ နာရီခွဲခန့်က လေယာဉ်ကွင်းဘက်မှ တာချီလိတ်မြို့တွင်းသို့ မောင်းနှင်လာသော ယာဉ်တစ်စီးသည် ရွှေသရဖူမီနီမတ်ဆိုင်ရှေ့တွင် ရပ်ထားသောယာဉ် ၄ဂ/. . ယာဉ်တစ်စီးကို တိုက်သွားကြောင်း သိရသည်။ **(အောက်ပုံ)**

**ထွက်ပြေးတိမ်းရှောင်**

အဆိုပါယာဉ်သည် ရွှေသရဖူမီနီမတ်ဆိုင်ရှေ့ရှိ ကန့်လန့်ဖြတ်စိုက်ထူထောင်ထားသော သံတန်းကို အရှိန်မထိန်းနိုင်ဘဲ တိုက်မိပြီးနောက် ၁၂ ပေခန့်အကွာ၌ ရပ်ထားသော တိုယိုတာ 1.5J VIOS ယာဉ်ကို အရှိန်လွန်ကာ တိုက်မိပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာချီလိတ်မြို့ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ရွှေလင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းနေရာကို သက်သေများနှင့် သွားရောက်၍ ရွှေသရဖူမီနီမတ်ဆိုင်၌ တပ်ဆင်ထားသော (စီစီတီဗွီ)ကိုစစ်ဆေးခြင်း၊ မျက်မြင်သက်သေများအား မေးမြန်းစုံစမ်းခြင်းများ ပြုလုပ်၍ အရှိန်လွန်မောင်းနှင်သူကို အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## ချစ်ခင်လေးစားရပါသော ရွှေမန်းသဘင်ပရိသတ်ကြီးသို့

ဖခင်ကြီး အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်၏
သဘင်သက်နှစ်(၈၀)ပြည့်အထိမ်းအမှတ်ပွဲကြီးကို ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း
ခမ်းနားကြီးကျယ်စွာဖြင့်ကျင်းပရန်ရွှေမန်းသဘင်မိသားစုများမှ ကြိုးစားအားထုတ်နေပါသည်၊
အနယ်နယ်အရပ်ရပ်မှ အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်အား
လေးစားမြတ်နိုးတန်ဖိုးထားကြပါသော ချစ်ပရိသတ်ကြီးများမှလည်း အမှတ်တရ
စုဆောင်းသိမ်းဆည်းထားသော ဓာတ်ပြားများ၊ ဓာတ်ပုံများ၊ စာစောင်များ၊ ပစ္စည်းများကို
ခေတ္တငှားရမ်းခြင်း (သို့) ပေးပို့ခြင်းဖြင့် ရွှေမန်းသဘင်မိသားစုများနှင့်အတူ
ပူးပေါင်းပါဝင် တင်ဆက်ပြသစေလိုပါသည်။
ကျေးဇူးပြု၍ အောက်ပါ လိပ်စာသို့ ဆက်သွယ်၍ ပေးပို့နိုင်ပါသည်။
အမှတ် ၂၈(E)၊ ကြာပဒုမ္မာလမ်း၊(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၆၅၂၆၅၊ ၀၉ ၄၃၀ ၈၂၀၇၄

ချစ်ခင်စွာဖြင့်
**သစ္စာမေတ္တာရွှေမန်းသဘင်**
**အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်၏နှစ်(၈၀)ပြည့်**
**အလင်္ကာအလွမ်းမှတ်တမ်းဖြစ်မြောက်ရေးကော်မတီ**


**ကလေးနာမည်ပေး**
**ကွန်ပျူတာပုရောဟိတ်**
ကြိုစက္ကဓာတာစစ်ပြီးကလေးနာမည်(၁၅၀)ကျော် ယောာတမ်း(၃၄)မျက်နှာဖုန်းသာဆက်လိုက်ပါ
0931079394 095179128
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

**TAXI ရောင်းမည်**
TAXI, AA----, ဖင်ကောက်၊ နောက်လေး၊ အမည်ပေါက်၊ ကားအလွန်သန့်။
☎: 380531,09 502 9915


## ပျောက်ဆုံး

ကျွန်တော်ဦးသိန်းထွန်း ၁၂/ဥကတ(နိုင်)၁၁၉၁၀၂၏ သဘော်သားနှင့်ပတ်သက်သော သင်တန်းဆင်းလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၂၉၃၄၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ငဖဲမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇

| | | | |
|---|---|---|---|
| ၁။ ဦးစံသိန်း | နှင့် | ၁။ ဦးလှဆောင် |
| ၂။ ဦးကြည်လှိုင် | | ၂။ ဒေါ်ခင်ဝင်း |
| ၃။ မောင်သင်းလှိုင်ဦး | | ၃။ ဦးအုန်းနိုင် |
| (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝေလင်း ငဖဲမြို့)။ | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ငဖဲမြို့၊ မြို့မရပ်ကွက်၊ အလယ်ပိုင်းရပ်နေ ဦးလှဆောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးစံသိန်းပါ-၃က ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)ဒုတိယပိုင်းနှင့် (စ)တို့အရ အိမ်ငှားနှင်ထုတ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၃၁ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထားထားဆွေ)**
**မြို့နယ်တရားသူကြီး**
**ငဖဲမြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက် ဦးအပါလွင်-ဒေါ်ခင်စောလှတို့၏ တစ်ဦးတည်းသောသမီး မကျော်မီလှလွင် ၁၁/စတန(နိုင်)၀၀၇၀၄၁သည် မိဘများအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများ ခွင့်မလွှတ်နိုင်သည့် ပြုမူဆောင်ရွက်မှုများ ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးအပါလွင်**
**မိခင်-ဒေါ်ခင်စောလှ**

## အမည်ပြောင်း

ဦးအောင်သိန်း၏သမီး မြိတ်မြို့၊ အမက အဏ္ဏဝါ/ကျွဲကူးမှ ဒုတိယတန်းအောင် မထွေးထွေးယုအား မနှိုင်းသန့်ထည်ဟု ပြောင်းလဲခေါ်ပါရန်။

**မနှိုင်းသန့်ထည်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၁၈၅၂ Loncin 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၉/မနတ(နိုင်)၀၁၆၇၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမည်ပြောင်း

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ ဦးမြင့်နိုင်၏သမီး အထက (၁)စစ်တွေ အဋ္ဌမတန်းမှ မမီးမီးစုနိုင်အား မခိုင်နှင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မခိုင်နှင်းထက်နိုင်**


GI Group EXPRESS

ရန်ကုန် ↔ မန္တလေး ↔ မူဆယ်

၄၅-ခုံ နှင့် ၂၇-ခုံ( 2+1 )အထူးကားများ ပြေးဆွဲနေပါပြီ...

ကြိုတင်လက်မှတ်ဝယ်ယူသူများ အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးပါသည်။ ဖုန်းသာဆက်လိုက်ပါ



ကျိုအိုင် အဆင့်မြင့် ခရီးသည် ပို့ဆောင်ရေး



သက်တောင့်သက်သာ ခရီးသွားဖို့ GI Group Express ကို စီးကြရအောင်...

ရန်ကုန် ➡ အောင်မင်္ဂလာကားကြီးကွင်း။ Ph;09-73626666, 09-73787777, 09-43158777,09-421012002.
အောင်ဆန်းကွင်းဂိတ်ခွဲ။ Ph;09-421012000,09-73234107.

မန္တလေး ➡ ကွဲဆည်ကန်ကားကြီးကွင်း။ Ph; 02-61881, 09-47113333, 09-43011188. 09-73205777.09-402592092.
GI Store လမ်း၈၀၊ ၂၆လမ်းနှင့်၂၇လမ်းကြား။ Ph; 09-73221800, 09-43337788.

➡ ပြည်ကြီးမျက်ရှင်ကားကြီးကွင်း။ Ph; 02-77727, 09-91005555, 09-43146567. 09-402534455.
၈၄လမ်းနှင့်၂၃လမ်းထောင့်။ Ph; 09-6800880.

မူဆယ် ➡ ပြည်ထောင်စုလမ်းမကြီး၊ နောင်ရိုးကွမ်းယာဆိုင်အနီး။ Ph; 09-2010757, 09-47104777. 09-47110038, 09-445108051.

ရန်ကုန်-မူဆယ်တိုက်ရိုက်ခရီးစဉ်ကို ၂၈-၅-၂၀၁၃ရက်နေ့တွင် စတင်ပြေးဆွဲပါမည်။

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကန်စွန်းဥစားသုံးခြင်းသည် အိုမင်းမှုကို နှေးကွေးစေ

ကန်စွန်းဥကို လွန်ခဲ့သော နှစ်တစ်သောင်းခန့်ကပင် လူတို့စားသုံးခဲ့ကြကြောင်း သိရသည်။ ကန်စွန်းဥကိုအရောင်းဆိုင်များ၊ ဈေးများတွင် တစ်နှစ်ပတ်လုံးနီးပါး ရောင်းချသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပေါများစွာတွေ့ရပြီး ရွှေကန်စွန်း၊ ငွေကန်စွန်း၊ ချိပ် (ခရမ်းရောင်)၊ ရွှေဝါနီစသည်ဖြင့် အရောင်များအလိုက် ခေါ်ဝေါ်သုံးနှုန်းကြသည်။

တစ်ပတ်လျှင် ကန်စွန်းဥတစ်ကြိမ် စားသုံးလျှင် ကိုယ်ခန္ဓာတွင်းရှိ ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည်။ တစ်ပတ်လျှင် နှစ်ကြိမ်စားသုံးလျှင် ပန်းနာရောဂါနှင့် အဆစ်အမျက် ကိုက်ခြင်းကို ကာကွယ်ပေးသည်။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်တို့အနက် ကန်စွန်းဥသည် ကင်ဆာကာကွယ်မှု အများဆုံးဖြစ်သည်။ ကန်စွန်းဥ အကျက်၌ ကင်ဆာ ကာကွယ်နိုင်မှု ၉၈ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။

**ထိန်းညှိပေး**

ကန်စွန်းဥစားသုံးခြင်းဖြင့် လူကိုအိုမင်းစေသည့် ဓာတ်တိုးမှုကို နှေးကွေးစေသည်။ ကန်စွန်းဥသည် သွေးတွင်းရှိ သကြားဓာတ်ကိုလည်း ထိန်းညှိပေးသည်။

ကန်စွန်းဥသည် နှလုံးသွေးကြောတွင် အဆီများ အနည်ထိုင်ခြင်းကို ကာကွယ်ပေးသည်။ အူလမ်းကြောင်းကင်ဆာနှင့်ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ သွေးတိုးခြင်းကို ထိန်းချုပ်ပေးသည်။ အသည်း၊ ကျောက်ကပ်များကို ကျုံ့ခြင်းမှ ကာကွယ်ပေးသည်။ အမြင်အာရုံကို ကောင်းမွန်စေသည်။ အဆုတ်ရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။

ကန်စွန်းဥတွင် ဗီတာမင် A၊ ဗီတာမင် C၊ မက်ဂနီ(စ်)၊ ဗီတာမင် B6၊ ပိုတက်စီယမ်၊ အမျှင်ဓာတ်၊ ဗီတာမင် B5 ၊ ကော့ပါး၊ ဗီတာမင် B3 နှင့် ကယ်လိုရီအနည်းငယ်မျှ ပါဝင်သည်။

အာဖရိက၊ အိန္ဒိယနှင့် ကရစ်ဘီယံဒေသများရှိ ကျောင်းနေအရွယ်ကလေးများကို ကန်စွန်းဥပုံမှန်ကျွေးခြင်းဖြင့် ၎င်းတို့၏ ကိုယ်ခန္ဓာအတွက် နေ့စဉ် လိုအပ်သော ဗီတာမင် A ဓာတ်လုံလောက်မှုရှိကြောင်းကို လေ့လာမှုတစ်ရပ်တွင် ဖော်ပြထားသည်။

ကန်စွန်းဥ အစားများလျှင် လေအန်ခြင်း၊ အချဉ်ရည်အန်ခြင်း ဖြစ်စေတတ်သည်။ ထို့ကြောင့် တစ်ကြိမ်တည်း များများမစားဘဲ အခြားအရာနှင့် တွဲ၍ စားသင့်သည်။

**သွင်သွင်နဒီ**



# နောက်ဘီးနှင့်ဝင်ရိုး အစုံလိုက်ပြုတ်ထွက်သည့်တောင်းအော့စ်

**ရန်ကုန် မေ ၂၅**

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုခုံးကျော်တံတားပေါ်၌ မေ ၂၂ ရက် ညနေပိုင်းက ကိုယ်ပိုင်ကားတစ်စီး နောက်ဘက်ဝင်ရိုး ဂျိုင်းဆက်ပြုတ်၍ နောက်ဘီးနှစ်ဘီးနှင့်ဝင်ရိုးစုံလိုက်ပြုတ်ထွက်သွားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ခန့်က သဃ်န်းကျွန်းမြို့နယ်လေးဒေါင့်ကန်လမ်းမဘက်မှ လူသုံးဦးခန့် တင်ဆောင်၍ မောင်းလာသော ၈ဂ/. . တောင်းအော့စ် ပစ်ကပ်ကိုယ်ပိုင်ယာဉ်သည် ပြည်ထောင်စုခုံးကျော်တံတားပေါ်ဖြတ်၍တံတားအဆင်းယာဘက် သုဝဏ္ဏဘက်သို့အကွေ့တွင် ကားနောက်ခြမ်း အေဆဲလ်ဂျိုင်းဆက်ပြုတ်ပြီးနောက် နောက်ဘီးနှင့်ဝင်ရိုးစုံလိုက်ပြုတ်ထွက်ကာဘီးတစ်စုံသည် လမ်းယာဘက်သို့ရောက်သွားပြီး နောက်ဘီးမပါသောကားမှာ လမ်းဝဲဘက်ကြက်လျှာစွန်း ပလက်ဖောင်းနှုတ်ခမ်းတွင် ဖင်ပိုင်းတင်၍ ရပ်တန့်သွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဖြစ်စဉ်တွင် ယာဉ်မောင်းနှင့်ကားပေါ်ပါလာသူများ ထိခိုက်မှုမရှိဟု သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

# ကောလင်းနှင့်ကိုးတောင်ဘို့ ဘူတာအကြား ရထားပေါ်၌ ကျပ် ၁၅ သိန်းကျော်ခိုးယူခံရ

**ကောလင်း မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကောလင်းနှင့်ကိုးတောင်ဘို့ဘူတာအကြား ဝါးရုံခုံအနီးတွင် အမှတ် (၅၇) မန္တလေး-မြစ်ကြီးနား ရထားပေါ်၌ ငွေကျပ် ၁၅ သိန်း ၆ သောင်းအခိုးခံရကြောင်း သိရသည်။ ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၅ နာရီ ၅ မိနစ်က မရီဦးသည် မန္တလေးမှ အင်းတော်သို့ အထူးအမြန် အမှတ် (၅၇)အဆန်ရထား ပထမတန်းတွဲ (၁)အဆင်းအတက် တံခါးပေါက်အနီး ဖျာခင်း၍ အိပ်ပျော်စီးနင်းလိုက်ပါခဲ့ရာ ကိုးတောင်ဘို့နှင့် ကောလင်းဘူတာအကြားအရောက် ကောလင်းဘူတာသို့ ရထားဝင်ရန် ၁၅ မိနစ်ခန့်အလိုတွင် ခေါင်းခုအိပ်လာသော ဆလင်းဘက်အနက်ရောင်ကို အနီရောင်အစင်းကြားအားကစားအင်္ကျီနှင့် ဘောင်းဘီတိုဝတ် အမျိုးသားတစ်ဦးက ဖျတ်ခနဲဆွဲယူပြီး ရထားပေါ်မှ ခုန်ဆင်းထွက်ပြေးသွားသဖြင့် ဆလင်းဘက်အိတ်အတွင်း ထည့်ထားသော အောက်ဖော်ပြပါသက်သေခံပစ္စည်းများ ပျောက်ဆုံးသွားပါသဖြင့် ခိုးယူထွက်ပြေးသွားသူအား ဥပဒေအရ အရေးယူပေးပါရန် မရီဦးက တရားလိုပြုလုပ်ကာ တိုင်ကြားထားကြောင်း သိရသည်။

ခိုးယူခံရသော သက်သေခံပစ္စည်းများမှာ Gold Sun အမျိုးအစား အညိုရောင် CDMA လက်ကိုင်ဖုန်း (ဆင်းကတ်ပါ) တစ်လုံး၊ ငွေ ၅၀၀၀ ကျပ်တန်အရွက် ၁၀၀ ပါ တစ်အုပ်၊ ငွေ ၁၀၀၀ ကျပ်တန် အရွက် ၁၀၀ပါ ငါးအုပ်၊ ငွေစက္ကူရောရာ ခြောက်သောင်းခန့်နှင့်မရီဦးအမည်ပါ နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်းတန်ဖိုးငွေကျပ်၁၅၆၀၀၀၀ ခန့်ကို ခိုးယူခံရကြောင်း သိရသည်။

ကောလင်းရဲစခန်းမှ နယ်ထိန်းရဲအုပ်စန်းယုက တရားလိုနှင့် သက်သေများ စစ်ဆေးခြင်း၊ တွဲစောင့်ဝန်ထမ်းများကိုစစ်ဆေးခြင်း၊ ထွက်ပြေးတိမ်းရှောင်နေသူကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကောလင်းဘူတာ ရထားလုံခြုံရေးရဲတပ်ဖွဲ့၊ ကောလင်းရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအမှုကို ကောလင်းရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**လူအောင်(ကသာ)**


ပြည်ပလုပ်ငန်းအတွေ့အကြုံရှိသော
လက်သမား၊ပန်းရန်(ကြွေပြားကပ်)၊ရေပိုက်ဆက်၊ လျှပ်စစ်၊စက်ပြင်၊ငြမ်းဆင်၊Pipe Fitter, Steel Fitter, Welder, Painter, Rigger, E & I နှင့် Safety Promotor များ (အမြန်) အလိုရှိသည်။
ဆက်သွယ်ရန် - စာတိုက်သေတ္တာအမှတ် - (1115)

စက်မှုလက်မှုသင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ရန် -
AGTI ကျောင်းအုပ် (ငြိမ်း) တစ်ဦး အလိုရှိသည်။
ဆက်သွယ်ရန် -
စာတိုက်သေတ္တာအမှတ် - 57

**တိုက်ခန်းရောင်းမည်**
၁။ မြေညီ၊ ပထမထပ်၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တစ်လွှာစီခွဲရောင်းမည်။
၂။ သုံးထပ်တိုက်၊ မြေပိုင်ဆိုင်မှု အပါအဝင် ၁၅လမ်း၊ အလယ်လမ်းမတော်မြို့နယ်။
ဖုန်း-၀၉-၄၃၀၂၀၆၃၉၊ ၂၀၉၁၆၈


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်၁၈၇၁၊ အမည်ပေါက် ဒေါ်သန်းသန်းချစ် ၁၂/သလန(နိုင်)၀၀၈၈၉၆၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးထင်လင်းအောင် ၁၀/မလမ(နိုင်)၀၀၃၇၂၁က မြေကွက်စလစ်(မူရင်း)တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ အလယ်ရပ် ရပ်ကွက်၊ အကွက်အမှတ် ၂၆၊ ဦးပိုင်အမှတ် ၁၉၊ ဧရိယာ ၀ဒသမ ၀၄၉၈ဧကရှိ မြေကွက်သည် ကျွန်မ ဒေါ်မီမီသန်း၏အဘွား ဒေါ်စောမြိုင် အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

ယခုအခါ ကျွန်မဒေါ်မီမီသန်းသည် အဘွား ဒေါ်စောမြိုင်၏အမွေဆက်ခံခွင့်ရှိသူတစ်ဦးတည်းကျန်ရှိသော မြေးဖြစ်သည့်အတွက် အဘွားဒေါ်စောမြိုင် အမည်ပေါက်မိတ္တူဂရန်မှ ကျွန်မ ဒေါ်မီမီသန်းအမည်ပေါက်သို့ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**နှောင်ခိုရပ်ကွက်(နခ-၃၂၄)**
**ဗန်းမော်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**မော်လမြိုင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

ဒေါ်အရှာဘီ
အမှတ်(စီ/၂၁)၊ မင်းကြီးလမ်း၊
မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။

**နှင့်**

၁။ ဦးကျော်သန်း
အမှတ်(စီ/၂၂)၊ မင်းကြီးလမ်း၊
မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
၂။ ဒေါ်ဖာတမာ(ခ)ဒေါ်ခင်ကြည်
အမှတ်(စီ/၂၁)၊ မင်းကြီးလမ်း၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
၃။ ဒေါ်လော်ခရာ(ခ)ဒေါ်ကြည်ကြည်လွင်
အမှတ် ၃၆၊ မင်းကြီးလမ်း၊
မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
၄။ မောင်ဆလာဝါဒင်
၅။ မောင်သန်းလှိုင်ဦး
၆။ မဝါဝါ
၇။ မသီတာ
အမှတ် ၁၆၊ ဝက်ပါလမ်း၊
မုဒုံကြီးရပ်၊ မုဒုံမြို့။

**တရားလို** **တရားပြိုင်များ**

အမှတ် ၁၆၊ ဝက်ပါလမ်း၊ မုဒုံကြီးရပ်၊ မုဒုံမြို့နေသူများ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၃၁ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆန်းဘို)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၃**

ဦးသက်နိုင်ရွှေ **နှင့်** ဦးလှသိန်း
အမှတ် ၁၁၇၁၊ ယသဝတီ ၁၇ လမ်း၊
(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ ၁၇ လမ်း၊ အမှတ် ၁၁၇၁ နေ ဦးလှသိန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၉-၅-၂၀၁၃ ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် မေ ၃၁ ရက်(၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်) နံနက် ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အမျိုးသမီးသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ငြိမ်းငြိမ်းအေး (၁၂/ရကန(နိုင်) ၀၆၉၃၄၉)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်လွင်အောင် (၁၂/ဗဟန(နိုင်) ၀၂၀၉၂၂)တို့သည် ပန်းဘဲတန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါသည်။ နှစ်ဦးသဘောတူတရားဝင်ကွာရှင်း ပြတ်စဲကြပြီးဖြစ်၍ ဥပဒေအရတစ်ဦးနှင့်တစ်ဦးမည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ကိစ္စများကို ဦးကျော်လွင်အောင်မှ ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းမပြုပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

ဖုန်း - ၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၅၀၀၁၇၁၃၆

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ငª)၊ ခြံအမှတ် (၄/၃၂၂)၊ ဧရိယာ ၀ ဒသမ ၀၃၇၈ဧကအကျယ် နှစ် ၆၀မြေငှားဂရန် အမျိုးအစားမြေကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ အမှတ် (၃)လမ်းမကြီး၊ ခြံအမှတ် (၄/၃၂၂)ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်နီလာစိုး ၁၂/ကမန(နိုင်)၀၄၆၆၁၅ အမည်ဖြင့် ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားသောမြေကွက်ဖြစ်၍ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်နီလာစိုးက ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးနေမျိုးကျော် ၁၂/ဥကတ(ပြု)၀၀၀၀၄၃က ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးသော်ဇင် | ဦးငြိမ်းချမ်းထွေး | ဦးစွမ်းထက်ပိုင် |
| LL.B(၃၁၈၅၄) | LL.B(၂၉၃၃၉) | LL.B(၄၀၇၉၅) |
| ဖုန်း-၀၉-၄၃၀၆၄၂၈၁ | ဖုန်း-၀၉-၄၂၁၀၁၆၆၇၉ | ဖုန်း-၀၉-၄၃၀၉၄၆၇၂ |

**အထက်တန်းရှေ့နေများ**
**အမှတ် ၃၃၂၊ သုမင်္ဂလာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၁-၅၇၇၀၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃ရပ်ကွက်)၊ မြေကွက်အမှတ် (၂၉၈/ခေါင်းရင်း)၊ မင်္ဂလာလမ်းပေါ်ရှိ အလျား ပေ၂၀×အနံ ပေ၆၀၊ စတုရန်းပေ အကျယ်အဝန်းအားဖြင့် ၁၂၀၀အကျယ်အဝန်းရှိသောမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဖခင် ဦးလှမောင်ထံမှ အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများအနက်မှ ဤမြေခေါင်းရင်းခြမ်းနှင့် သက်ဆိုင်သော ဒေါ်ကြူကြူ ၁၂/ဥကတ(နိုင်)၀၆၆၁၂၃က အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီသဖြင့် ကျွန်မ ဒေါ်လင်းလင်းထက် ၁၂/သဃက(နိုင်)၀၃၉၅၃၆သည် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအစုံအလင်ဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လင်းလင်းထက် ၁၂/သဃက(နိုင်)၀၃၉၅၃၆**
**ဖုန်း-၀၉-၇၃၉၀၃၂၅၅**

# ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ခန်းမဆောင် တည်ဆောက်မည်

**ဖျာပုံ မေ ၂၅**

အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ မွေးရပ်မြေဖြစ်သော ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ တိုးချဲ့ခန်းမဆောင်သစ်ကို စတင်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ခန်းမဆောင်သစ်ကို လက်ရှိ ဆရာဇော်ဂျီစာကြည့်တိုက်ဝန်းအတွင်းရှိ မြေကွက်လပ်၌ ဆောက်လုပ်မည်ဖြစ်ပြီး အလျား ပေ ၈၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၅ ပေရှိ တစ်ထပ်တိုးချဲ့ခန်းမဆောင်သစ်အား ကျပ်သိန်းပေါင်း ၄၀၀ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်သည်။

ဆရာဇော် ဂျီရာပြည့်စာကြည့်တိုက်ကို ၂၀၀၈ ဧပြီ ၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်အထိ ထာဝရ ငွေပဒေသာပင် ကျပ်သိန်း ၂၀၀ စိုက်ထူထားနိုင်ခဲ့ပြီး၊ ဘာသာရပ်စုံ သုတရသ လုံးချင်းစာအုပ် ၁၅၀၀၀ ကျော်ကိုလည်း စုဆောင်းထားနိုင်ခဲ့ပြီဖြစ်သည်။

စာကြည့်တိုက်ကို နေ့စဉ်ပိတ်ရက်မရှိ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး နေ့စဉ်စာအုပ်ငှားရမ်းဖတ်ရှုသူ ၂၀၀ ခန့်ရှိပြီး ဖျာပုံမြို့နယ်တွင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မြန်မာစာဂုဏ်ထူးရရှိကြသူများကို "ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်က မြန်မာစာဂုဏ်ထူးဆု"ချီးမြှင့်ပေးလျက်ရှိသည်။

ယခုအခါ စာကြည့်တိုက်တွင် စာနယ်ဇင်းမျိုးစုံ စာအုပ်ဗီရိုများ ပြည့်သိပ်မှု၊ စာဖတ်သူများပြားလာသည်နှင့်အမျှ စာဖတ်သူများအနေနှင့် ဆူညံသံများ ကြုံတွေ့နေကြရ၍ ယခုကဲ့သို့ တိုးချဲ့ခန်းမဆောင်သစ်ကို မဖြစ်မနေ ဆောက်လုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ခန်းမဆောင်သစ် ပြီးစီးပါကလည်း ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သည် အများပြည်သူစုပေါင်းထည့်ဝင်ငွေဖြင့် တည်ထောင်ဖွင့်လှစ်ထားသော ပြည်သူ့စာကြည့်တိုက်ဖြစ်သည်နှင့်အညီ ပြည်သူတို့၏ ပညာ၊ စာပေဆိုင်ရာ ပြည်သူ့ဘဝအကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် ပြုလုပ်ဆဲ စာကြည့်တိုက်လုပ်ငန်းများဖြစ်သည့် စာကြည့်တိုက် တိုးချဲ့ခန်းမဆောင်သစ် ဆောက်လုပ်ခြင်း၊ ထာဝရပဒေသာပင်စိုက်ထူခြင်း၊ စာအုပ်ဗီရို၊ စာဖတ်စားပွဲ၊ စာအုပ်စင်စသည့် ပရိဘောဂ ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ စာအုပ်စာစောင်နှင့် စာနယ်ဇင်းမျိုးစုံထောက်ပံ့ခြင်း စသည့်အစီအစဉ်များ၌ ပါဝင်၍ ပညာပါရမီဖြည့်ဆည်းလိုပါက ဦးဝေမြင့် ဖုန်း-၀၉-၈၅၉၁၃၅၀၊ ဦးသိန်းထွန်း(ခ) ဦးပေါက် ဖုန်း-၀၉ ၄၉၅၈၂၈၈၀၊ ဦးမျိုးဝင်းနိုင်(ခ) ဦးဝီချိုင်း ဖုန်း-၀၉-၄၂၂၇၈၈၉၉၊ ဦးမြင့်အောင်(ဖိုးအောင်လေး) ဖုန်း-၀၄၅-၄၀၂၈၀၊ ၀၄၅-၄၀၁၆၇ နှင့် ရန်ကုန်မြို့တွင် ဦးဝင်းချို(ရှုဝံစာအုပ်တိုက်) ဖုန်း-၀၉-၇၃၂၀၂၄၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**တောင်သာ မေ ၂၅**

မြင်းခြံခရိုင် တောင်သာမြို့ တောင်လုလင်ကျေးရွာတွင် ဧပြီ ၁၁ ရက်မှ ၂၀ရက်အထိ ပထမ အကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်သင်ကြားခဲ့ရာ အဆိုပါသင်တန်းကို ဆရာတော် ဦးတေဇနိယကဦးစီးကျင်းပပြီး ဆရာတော် ဦးဂုဏလင်္ကာရက သင်တန်းပို့ချပေးခဲ့သည်။

ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ကြောင်း သိရသည်။

**စကားဝါ(တောင်သာ)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သီပေါ၌ ဆီအရောင်းဆိုင်များစစ်ဆေး

**သီပေါ မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းတို့ပါဝင်သော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့သည် မေ ၁၉ ရက်မှ စတင်ပြီး ဆီအရောင်းဆိုင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

သီပေါမြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့သည် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများပြည့်စုံစွာ ထားရှိခြင်းရှိမရှိနှင့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားနှင့် ရေလုံလောက်စွာသိုလှောင်ထားရှိမှုရှိရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိပုဂ္ဂိုလ်များက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်အတိုင်း ပြည့်မီစွာဆောင်ရွက်နိုင်ခဲ့သည့်အပြင် စက်သုံးဆီအရောင်းဆိုင်များသို့လည်း မကြာခဏကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများကြောင့် ယခုနှစ်မီးလောင်မှုမှာ သိသိသာသာလျော့နည်းလျက်ရှိကြောင်းသိရသည်။

**စိုင်း(သီပေါ)**

## ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**မြစ်ကြီးနား မေ ၂၅**

မေ ၁၇ ရက် ညနေ ၄ နာရီက ဝိုင်းမော်မြို့နယ် မြစ်ကြီးနားသို့ အထွက်ကားလမ်းမပေါ်၌ မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့မှ ဒုရဲအုပ်ခင်ဇော် ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့များနှင့် သက်သေများ ပူးပေါင်း၍ စောင့်ဆိုင်းနေစဉ် ဝိုင်းမော်မှ မြစ်ကြီးနားသို့ ခရီးသည်တင်ဆောင်လာသည့် သုံးဘီးယာဉ်အား ရပ်တန့်ကာ ယာဉ်ပေါ်ပါခရီးသည် ဦးကျင်ဝမ်း၏ ကြိမ်ဆွဲခြင်းအား ရှာဖွေစစ်ဆေးရာ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ပိုးပြီး အဝါရောင်အိတ်အကြည်ဖြင့် ပတ်ထားသော ငွေကျပ် ၁၇၆၄၀၀၀ တန်ဖိုးရှိ ဘိန်းစိမ်း ( ၁ ဒသမ ၁၇၆) ဂရမ်နှင့် နိုင်ငံသား စိစစ်ရေးကတ်တစ်ခု ငွေကျပ် ၄၀၀၀၀ တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးရာ ၎င်းမူးယစ်ဆေးဝါးများမှာ ဝေမိုးကျေးရွာနေ ရှောက်ဖာဆိုသူထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးခံကာ ကျင်ဝမ်း (၄၀ နှစ်) မိုးညှင်းမြို့နေသူနှင့် ရှောက်ဖာ ( ၃၅ နှစ်)ခန့် (မမိသေး) တို့နှစ်ဦးအား ဝိုင်းမော်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးဃန်းကျ (မြစ်ကြီးနား)**


ထွက်ပြီ ပညာအလင်းပြတိုက်မှ အထူးထုတ်ဝေသည့် ထွက်ပြီ

(၃၁)ဘုံ တည်နေဟန်ဇယား ဗီနိုင်း ကားချပ်(၃)မျိုး နှင့် (၃၁)ဘုံအကြောင်းသိကောင်းစရာစာအုပ်

→ ပညာအလင်းပြ ၃၁-ဘုံ့အကြောင်းသိကောင်းစရာစာအုပ် ←

အဘိဓမ္မာပိဋကတ် ဝိဘင်္ဂပါဠိတော်၊အင်္ဂုတ္တရပါဠိတော် - အဋ္ဌကထာ၊ဥပရိပဏ္ဏာသပါဠိတော် - အဋ္ဌကထာ၊ပေတဝတ္ထု အဋ္ဌကထာ အစရှိသော ပိဋကတ်တော်ကျမ်းများ၊ဖိနတ္တပကာသနီစသော မဟာဗုဒ္ဓဝင်ကျမ်းများ၊မိလိန္ဒပဥှာ၊စွယ်စုံကျော်ထင်၊သမန္တစက္ခုဒီပနီ၊မင်္ဂလတ္ထဒီပနီ၊ပဋ္ဌာတဝေဒနီယကျမ်းစသောကျမ်းများနှင့်အခြားအခြားသောပိဋကတ်စာပေကျမ်းကြီးကျမ်းခိုင်များမှထုတ်နုတ်၍အခန်းများစွာခွဲခြားစီစဉ်ရေးသားပြုစုထားသည့် စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် အဆင့်ဆင့်သော ဘုံစဉ်များအကြောင်းတစ်ဆင့်ချင်းဖော်ပြထားပြီး အပါယ်(၄)ဘုံ အကြောင်းတွင် ငရဲခန်း၌ငရဲကြီး(၈)ထပ်ကို(၁)ထပ်စီ အမည်နှင့်တကွဖော်ပြထားပါသည်။နတ်ပြည်(၆)ထပ်၌ သိကြားမင်း၊ နတ်မင်းများ၊ နတ်အမျိုးမျိုးများ ၏ အကြောင်း၊ ဗြဟ္မာဘုံ (၂၀) အကြောင်း၊ ဗြဟ္မာများ ၏ အကြောင်း၊၃၁ - ဘုံမှ အလွတ်ဖြစ်သောနိဗ္ဗာန် အကြောင်းတို့ကို ပိဋကတ် စာပေများနှင့်အညီ ရှင်းလင်းရေးသားတင်ပြထားပါသည်။

သင်ဘယ်ဘုံ့ရောက်ချင်သလဲ၊မကောင်းရာ ဒုဂ္ဂတိဘုံတွေရှောင်၍
ကောင်းရာ သုဂတိဘုံတွေကို ရောက်ချင်သလား၊
ကံလမ်း-ဈာန်လမ်း-ဉာဏ်လမ်း ဘယ်လမ်းဖြင့် ဘယ်ကိုသွားကြမလဲ၊

အကြောင်းအရာစုံ၊ရသစုံ၊စုစည်းပါဝင်နေသောဤစာအုပ်ကြီးမှ ဗဟုသုတစုံ နှိုက်ယူကျင့်ဆောင်အားထုတ်နိုင်ကြပါသည်။စာမျက်နှာ(၅၀၀)ကျော်၊(၇ × ၁၀)ဆိုက်၊သီချုပ်၊ကတ်ထူခန့်ချုပ်၊ရောင်စုံမျက်နှာဖုံးတို့ဖြင့်သေသပ်ကောင်းမွန်စွာ ရိုက်နှိပ်ထားပါသည်။ (တန်ဖိုး - ၁၀၀၀၀ကျပ်) ပညာအလင်းပြ စာတည်းအဖွဲ့ကစီစဉ်ပြုစုရေးသားသည်။

→ အမြို့မြို့ဆိုင်တိုင်းမှာမေးဝယ်ပါ။ ←

၃၁-ဘုံ့ဗီနိုင်းကားချပ်

တစ်ဖက်ဖော်ပြပါ ဘုရားဟောကျမ်းကြီး ကျမ်းခိုင်များကို မှီငြမ်းကိုးကားစီစဉ်ရေးဆွဲထားသော ဗီနိုင်းကားချပ်များကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။(၃၁)ဘုံစာအုပ်ကြီးနှင့် (၃၁)ဘုံဇယားကားချပ်ကြီးများကို ညှိနှိုင်းတိုက်ဆိုင်ကြည့်ရှုကြရန် ဖြစ်ပါသည်။ ဗီနိုင်းများကို မင်နီမင်နက်ဖြင့် နှစ်ရောင် ရိုက်နှိပ်ပေးထားပါသည်။



၁။ ၁ပေခွဲ × ၄ပေခွဲအရွယ် ၂၅၀၀ကျပ်
၂။ ၂ပေခွဲ × ၄ပေအရွယ် ၅၀၀၀ကျပ်
၃။ ၅ပေ × ၈ပေအရွယ် ၂၀၀၀၀ကျပ်

စာကြည့်တိုက်များ၊ဓမ္မာရုံများ၊
တရားစခန်းရိပ်သာများ၊
ဘုန်းတော်ကြီးကျောင်းများ၊
စာသင်တိုက်များ တွင် ချိတ်ဆွဲရန်။
ဗီနိုင်းကားချပ်ကြီး - ၂၀၀၀၀ကျပ်
ဓမ္မဒါနပြုလုပ်လိုသူများအတွက်
အထူးဈေးနှုန်းပေးပါမည်။

ပညာအလင်းပြစာအုပ်ဆိုင် (The Knowledge Book Shop)အမှတ်(၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့်လေးဆယ့်ရှစ်လမ်းထိပ်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်။
☎ 01 290927, 09 50 28765

→ (ဝယ်မရပါကနယ်မှ VPPမှာရန်) ←
တင်တင်အေးပိဋကတ်စာပေ၊တောင်ဘက်ဈေးတော်ရုံ၊ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။ ☎ 01 383511၊လိုင်းခွဲ - 181/187 09 51 64857

မန္တလေး
ထွန်းဦးစာပေနှင့်နဂါးစာပေ။



**မိဘအမည်မှန်**

တောင်ကြီးမြို့၊ အမက(၈)၊ ဒုတိယတန်းအောင်မှ မောင်ဇေယျာလင်း၏ မိဘအမည်မှန်မှာ ဦးကျော်စွာမိုး ၁၃/တကန(နိုင်)၀၁၀၈၅၀နှင့် ဒေါ်လှလှထွေး ၁၃/တကန(နိုင်) ၀၂၄၁၁၆ တို့ဖြစ်ပါကြောင်း။ **ဦးကျော်စွာမိုး-ဒေါ်လှလှထွေး**

**အမည်ပြောင်းလဲခေါ်ပါရန်**

ကျွန်တော် မောင်အောင်နိုင်ဝင်း (ဘ) ဦးအောင်ထွန်း ၇/သဝတ(နိုင်) ၁၁၀၇၅၆ အား ယနေ့မှစ၍ မောင်အောင်နိုင်ဝင်း(ခ) အောင်မျိုးသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်မှန်**

ဦးထွန်း၏သား ဟသ်ာတမြို့၊ အထကဒူးယား၊ ကျောင်းဝင်အမှတ် ၅၆၉၈ မောင်ယဉ်စိုး၏ အမည်မှန်မှာ မောင်ရင်စိုး ဖြစ်ပါသည်။

**မောင်ရင်စိုး ၁၄/ဟသတ(နိုင်)၂၂၇၃၇၇**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်းအမှတ် ၂၉၊ နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၏ ဒုတိယထပ်(သုံးလွှာ)လက်ဝဲဘက်အခန်း(ဘီ-၃)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်အဖြစ် ရောင်းချခွင့်ရှိသူဟု ကမ်းလှမ်းလာသူ ဦးအောင်သန်းဝင်း ၁၂/ဥကတ(နိုင်)၀၄၈၇၈၀ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်သဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်ရီ၊ ဒေါ်ခင်ကြည်**
**အမှတ် ၄၀၊ မြေညီထပ် (ယာ) နန္ဒဝန်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့**

**အများသိစေရန်သတိပေးကြေညာခြင်း**

အမှတ် ၆၃၊ ရွာဦးလမ်း(ပေ၃၀ × ၁၃၅ပေ) အိမ်အပါအဝင် ပုရွက်ဆိတ်ကုန်း၊ မြောက်ဥက္ကလာပမြို့နယ်မှာ ကျွန်မ၏မိခင်ဖြစ်သူ ဒေါ်သိန်းသိန်းမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၀-၉-၂၀၀၈ရက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၉၁၅၉/၂၀၀၈ မိခင်ဖြစ်သူက မေတ္တာဖြင့် အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၈-၁၂-၂၀၁၂ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

ထို့ကြောင့် ဤမြေကွက်နှင့်အိမ်သည် ကျွန်မ၏ပိုင်ဆိုင်ခြင်းဖြစ်သောကြောင့် မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချပေါင်နှံလွှဲပြောင်းခြင်း မပြုပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤအိမ်နှင့်ပတ်သက်သောကိစ္စအဝဝကို ကျွန်မဖြင့်သာ တိုက်ရိုက်ရောင်းချကြပါရန် အသိပေးအပ်ပါသည်။ **သမီးငယ်-ဒေါ်ဝင်းဝင်းမေ**

**ဖုန်း-၀၉-၅၀၃၉၀၆၅**

လုပ်ငန်းခွင်လက်တွေ့သင်တန်းထပ်တက်ရန်လုံးဝမလိုပါ
USAတွင်စာရင်းပညာသင်ယူလျှင်ပြီးပြည့်စုံစေပါမည်
U Sann Aung ( B.Com, CPA, Ex Chief Accountant )
LCCI ACCOUNTING COURSE
Level 1&2 8 JUNE ; Level 3 12 June
USA COMMERCIAL SCHOOL
၂၁၀ ၊ ၃လွှာ ၊ ၃၇လမ်း (အထက်)
ဖုန်း ၃၉၁၁၅၇၊၂၉၁၃၂၉၊ ၀၉-၈၆၃ ၆၉၁၅

# ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ရေး အစီအစဉ်အရ မော်တော်ယာဉ် ၁၅၅၂၈၇ စီး တင်သွင်းပြီးဖြစ်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံတွင် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးအစီအစဉ်ကြောင့် ယခုအခါ ရန်ကုန်မြို့တွင် ယာဉ်အိုယာဉ်ဟောင်းမရှိသလောက် နည်းပါးခဲ့ပြီး ယာဉ်အိုယာဉ်ဟောင်းများ နေရာတွင် ကားသစ်များဖြင့် အစားထိုးနိုင်ပြီ ဖြစ်သည်။

သတင်း-မောင်ကျေးသား၊ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယာဉ်အိုယာဉ်ဟောင်း အစားထိုးအပ်နှံခြင်းအတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ ထုတ်ပေးခြင်းကို အထူးသွင်းကုန် ပါမစ်ထုတ်ပေးရေးပူးပေါင်းအဖွဲ့ (O.S.S)ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စတင်ကာ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစီအစဉ်အရ ပြည်ပနိုင်ငံများမှ မော်တော်ကားများ တင်သွင်းခွင့်ပြုခဲ့ရာ ယခုမေလဆန်းပိုင်းအထိ မော်တော်ယာဉ် ၁၅၅၂၈၇ စီးအတွက် တင်သွင်းခွင့်လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မကြာမီက ပြုလုပ်ခဲ့သော မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအစည်းအဝေးတွင် ပြောကြားသည်။

ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းသည့် ကုမ္ပဏီအချို့သည် ယာဉ်တိုက်မှုဖြစ်ပွားပြီး ပျက်စီးနေသည့်

စာမျက်နှာ ၃ ကော်လံ ၄ ◆



## စတော့ဟုမ်းမြို့ ဆင်ခြေဖုံးဒေသများတွင် အဓိကရုဏ်းများ ဖြစ်ပွားလျက်ရှိ

စတော့ဟုမ်း မေ ၂၅

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၏ ပြည်ပမှ လာရောက်အခြေချနေထိုင်သူများ အများစုနေထိုင်ရာ ဆင်ခြေဖုံးဒေသများတွင် ကားများကို မီးတင်ရှို့မှု အပါအဝင် အဓိကရုဏ်းများ ဖြစ်ပွားလျက်ရှိရာ ယနေ့နံနက်လင်းအားကြီးအချိန်ထိ ခြောက်ညမြောက်ရှိသွားပြီဖြစ်ပြီး ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ၎င်းတို့၏ နိုင်ငံသားများအား အခင်းဖြစ်ပွားရာနေရာများသို့ သွားရောက်ခြင်း မပြုရန် သတိပေးထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

စတော့ဟုမ်းမြို့ ပတ်ဝန်းကျင်ရှိ ဆင်ခြေဖုံးဒေသများတွင် ဆူပူသောင်းကျန်းမှုများကြောင့် မီးလောင်ကျွမ်းနေသော ကားများကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နေကြစဉ်။ (ရိုက်တာ)

## ယနေ့ မာတိကာ

ပါကစ္စတန် လေယာဉ်တစ်စင်းကို ကြားဖြတ်ဆင်းသက်စေကာ အကြမ်းဖက်ရန် မသင်္ကာမှုဖြင့် လူနှစ်ဦးကို လန်ဒန်ရဲက ဖမ်းဆီး စာ - ၄

ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန် လည် စ တင် မည့် မြောက်ကိုရီးယား စာ - ၅

နည်းပြသစ် မက်ဇာရီနဲ့ အင်တာမီလန် စာ - ၁၃

## ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်၌ ခရီးသည်တင် မန်းရွှေမြို့တော် မှန်လုံအမြန် ယာဉ်တိမ်းမှောက်

သတင်း စာမျက်နှာ ➤ ၁၁

## နှစ်ထပ်တိုက်ဖျက်ရာ အလုပ်သမား သုံးဦးသေ၊ တစ်ဦးဒဏ်ရာရ

သတင်းနှင့်ဓာတ်ပုံ ➤ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မေ ၂၅

**မေ ၂၅ ရက် နံနက် ၉ နာရီခန့်က စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ရှင်စောပုလမ်း ခြံအမှတ်(၁) အတွင်းရှိ ပြည်သူပိုင်ခေတ်ကတည်းက တည်ဆောက်ခဲ့သော RC နှစ်ထပ်တိုက်အား အလုပ်သမားများက ဖြိုဖျက်ရာ အပေါ်ထပ်မှ ရုတ်တရက်ပြိုကျပြီး အလုပ်သမားသုံးဦးသေဆုံးကာ အလုပ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့မှု ဖြစ်ပွားခဲ့သည်။**

တာဝန်အရ ရောက်ရှိနေသော အောင်ချမ်းသာရပ်ကွက်မှ အုပ်ချုပ်ရေးမှူးက "နံနက် ၉ နာရီ ၁၀ မိနစ်က စပြိုတယ်လို့ သိရပါတယ်။ အလုပ်သမားတစ်ဦးကတော့ အုတ်အကျိုးများ ကြားထဲရောက်ပြီး ခေါင်းတစ်ခုလုံး ကြေမွသွားပြီး ချက်ချင်းပဲ သေဆုံးသွားခဲ့ပါတယ်။ ကျန်သုံးယောက်မှာ နှစ်ယောက်စိုးရိမ်ရတယ်လို့ ထင်ပါတယ်။ ရန်ကုန်ဆေးရုံကြီးကို ပို့ထားပြီးပါပြီ"ဟု ရှင်းပြသည်။

သတင်းကြား၍ ရောက်ရှိလာသော ပိုင်ရှင်တစ်ဦးက "အမွေဆိုင်တိုက်ပါ၊ မေလဆန်းကတည်းက စဖျက်ခဲ့တာပါ။ အခုပြိုကျတယ်ဆိုလို့ လာတာပါ။ ဘာမှတော့ အသေးစိတ် မသိရသေးပါဘူး" ဟု အမေးစကားကို ဖြေခဲ့သည်။

**ပြောကြား**

စမ်းချောင်းမြို့နယ်မှ မီးသတ်ဗိုလ်မှူး ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်က "ကျွန်တော်တို့ မီးသတ်ဌာနအနေနဲ့ နံနက် ၉နာရီ ၁၅ မိနစ်မှာ သတင်းစရပါတယ်။ ၉ နာရီ ၁၇ မိနစ်မှာ ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို အားချင်းဆောင်ရွက်ခဲ့ပါတယ်။ ခြေထောက်မှာ ဒဏ်ရာရသူတစ်ဦးကို တိုက်ထဲကထုတ်ခဲ့ပြီး သေဆုံးသူတစ်ဦးနဲ့အတူ ဒဏ်ရာရသူတွေကို ကျွန်တော်တို့ မီးသတ်သူနာပြုလူနာတင်ယာဉ်နဲ့ပဲ ရန်ကုန်ဆေးရုံကြီးကို အလျင်အမြန်ပို့ပေးခဲ့ပါတယ်" ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

အလုပ်သမားများက ဖြိုဖျက်ရာမှ ပြိုကျသွားသော စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ရှင်စောပုလမ်း ခြံအမှတ်(၁) အတွင်းရှိ ပြည်သူပိုင်ခေတ်ကတည်းက တည်ဆောက်ခဲ့သော နှစ်ထပ်တိုက်အား တွေ့ရစဉ်။



